ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ စနေနေ့၊ (21-10-2006) (၅၁၁၇)

ဒီမိုကရေစီဆိုပြီး ဒီမိုကရေစီနိုင်ငံတော်အမည်ခံရုံမျှဖြင့် တိုင်းပြည်သည် အလိုအလျောက် ဖွံ့ဖြိုးသွားမှာမဟုတ်သကဲ့သို့ ထိုထူထောင်လိုက်သည့် ဒီမိုကရေစီနိုင်ငံတော်သည်လည်း တည်ဆောက်သူ၊ ထိန်းသိမ်းစောင့်ရှောက်နိုင်သူမရှိပါက အရှည်တည်တံ့လာမှာမဟုတ်၊ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ထိန်းသိမ်းနိုင်သည့် ပညာရည်စွမ်းအားရှိသော လူ့အရင်းအမြစ်များ ခိုင်ခိုင်မာမာရှိရန်လိုအပ်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူများ ဝင်ငွေတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာအောင် ဘက်စုံမှစဉ်းစားပြီး ပံ့ပိုးပေးနိုင်ရေးသည် နိုင်ငံ့ဝန်ထမ်းများ၏ အဓိကတာဝန်ဖြစ် အုပ်ချုပ်ရေးအဖွဲ့များအပိုင်းက ပြည်သူများအပေါ် ဖိစီးမှု၊ အနိုင်အထက်ပြုမှု ဩဇာအာဏာပြမှု၊ မထီမဲ့မြင်ပြုမှု၊ ရန်ပုံငွေအမျိုးမျိုးကောက်ခံမှုတို့ ပြုမိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ကိုသာမက နိုင်ငံတော်အစိုးရ၏ မှန်ကန်သောစေတနာနှင့် မျှော်မှန်းချက်များကိုပင် ထိခိုက်သွားနိုင်သည်ကို အလေးအနက် သတိရှိရန်လို

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်   အောက်တိုဘာ   ၂၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ကချင်ပြည်နယ်အတွင်း မိုးရွာသွန်းမှု၊ မြေအသုံးချနိုင်မှု၊ မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံများနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၁-၁၀-၂၀၀၆
(စနေနေ့)

နယ်စပ်ဒေသများ ဖွံ့ဖြိုးစည်ပင်ရေး ဘက်စုံစီမံကိန်းများ တိုးမြှင့်ဖော်ဆောင်

နိုင်ငံတော်က တိုင်းရင်းသားလူမျိုးများအားလုံး၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားစေရေးအတွက် ဒေသတစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ဝန်းလုံး၌ ဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ တစ်နံတစ်လျားရှိ ဒေသအသီးသီး၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးလျက်ရှိရာ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကုန်စည်ကူးသန်းမှုများ ပိုမိုဖြစ်ထွန်းပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ကောင်းများ ရရှိနေပြီဖြစ်သည်။

ကချင်ပြည်နယ်ရှိ ခေါင်လန်ဖူး၊ ပန်နန်းဒင်၊ နောင်မွန်၊ ဒေါ့ဖုန်းယန်၊ ဆင်ဘိုမြို့တို့နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ နန်းယွန်း၊ ပန်ဆောင်၊ တနိုင်း၊ ရှင်ဗွေယန်မြို့တို့သည် နယ်စပ်ဒေသ အစွန်အဖျားရှိ မြို့များဖြစ်သော်လည်း လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး အပါအဝင် လိုအပ်ချက်များကို အလေးထားဆောင်ရွက်ပေးလျက်ရှိရာ ဖွံ့ဖြိုးမှု အလားအလာကောင်းများ တွေ့မြင်နေရသည်။

ပန်ဆောင်ဒေသနှင့် ဆက်သွယ်နေသည့် ကားလမ်းများ ရာသီမရွေး သွားလာနိုင်သည်နှင့်အမျှ တစ်ဖက်နိုင်ငံနှင့် ဆက်စပ်၍ စီးပွားကုန်သွယ်မှု လုပ်ငန်းများလည်း တိုးတက်လာနိုင်မည်ဖြစ်သည်။

တနိုင်းမြို့နယ်သည် ရေမြေရာသီဥတုကောင်းမွန်ပြီး မြေလွတ်မြေရိုင်း ပေါများသည်ဖြစ်ရာ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ လာရောက်၍ ဘက်စုံစိုက်ပျိုးရေးစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ ယခုအခါ မြစ်ကြီးနား-တနိုင်း ကားလမ်းတစ်လျှောက်ရှိ မြေလွတ် မြေရိုင်းများတွင် ကြံ၊ ပီလောပီနံနှင့် ဒေသနှင့် ကိုက်ညီဖြစ်ထွန်းသည့် သီးနှံများ စိုက်ပျိုးရေး စတင်လုပ်ကိုင်နေကြပြီဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်က နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး ဒေသအလိုက်၊ ကဏ္ဍအလိုက် လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဖော်ဆောင် ကြိုးပမ်းကြခြင်းဖြင့် နယ်စပ်ဒေသများ ပိုမိုဖွံ့ဖြိုး တိုးတက်စည်ပင်လာမည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်း ဆောင်အတွက် ရန်ကုန်မြို့ ဗိုလ်မိုင်ခွဲ ဆင်ဖြူရှင်ရိပ်သာနေ ကွယ်လွန်သူ ဖခင်ကြီး ဦးအောင်မြတ် (သား) မောင်သိန်းအေးတို့အားရည်စူး၍ မိခင်ကြီး ဒေါ်အေးခင်နှင့် သားသမီးမြေးတစ်စုက အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

သစ်တောသစ်ပင် ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး အလှတိုး

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းအတွင်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၃၈)ရပ်ကွက် ရာဇာဓိရာဇ်လမ်းနှင့် ပြည်ထောင်စုလမ်းထောင့်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကင်းမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြို့ပတ်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးနှင့် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်၍ ဈေးများအတွင်း အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ လူသုံးကုန်နှင့် စားသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်များ၊ တပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်နှင့် ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်းဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်နှင့် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများ၏ ကြက်ဥ၊ ကြက်သားနှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဇဟိုစံပြငါးဈေး၊ ငွေပင်လယ်၊ M. M. G Jetty ၊ မြန်မာမန်း စသည့် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီများနှင့် ကိုယ်တိုင်မွေးမြူထုတ်လုပ်သူများ၏ ကြက်ဥ၊ ကြက်သား၊ ဆိတ်သား၊ အမဲသား၊ ဝက်သား၊ ရေချိုငါး၊ ရေငန်ငါးမျိုးစုံ၊ ပုစွန်၊ နို့နှင့် နို့ထွက်ပစ္စည်းအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများ အသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီ အရောင်းဆိုင်များ၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင်နှင့် သမဝါယမအသင်းများ၏ လူသုံးကုန် စားသုံးကုန်နှင့် မီးဖိုချောင်သုံး ကုန်ခြောက် ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပြည်သူလူထုအတွက် အမှန်တကယ် လိုအပ်သည့် အခြေခံစားသောက်ကုန် ဟင်းသီးဟင်းရွက်နှင့် သား၊ ငါးများကို အလေးချိန်ခွင် မှန်ကန်စွာဖြင့် သန့်ရှင်းသပ်ရပ်စွာ ရောင်းချကြရန်နှင့် ကိုယ်တိုင်စိုက်ပျိုးမွေးမြူ ထုတ်လုပ်လျက်ရှိသည့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များက အခွန်အခ ပေးစရာမလိုဘဲ တိုက်ရိုက်လာရောက် ရောင်းချကြခြင်းဖြစ်၍ ပြည်သူများ ပြင်ပဈေးနှုန်းထက် သက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြရန် မှာကြားပြီး ဈေးရောင်းချသူ၊ ဈေးဝယ်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ နံနက် ၈ နာရီတွင် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ သုဒဿနလမ်းနေ ကွယ်လွန်သူ အဘွား ဒေါ်သောင်းညွန့်အားရည်စူး၍ မြေးများဖြစ်သည့် စိုးလွင်ဦး၊ လဲ့မျိုးဦး၊ ဘိုဘိုဦးတို့က ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

သီရိမင်္ဂလာမဟာစည်ရိပ်သာဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်း ဒဂုံမြို့သစ်မြောက်ပိုင်း (၅၁) ရပ်ကွက် မြဝတီမင်းကြီး(၁)လမ်း သီရိမင်္ဂလာမဟာစည် ရိပ်သာ၌ ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်များနှင့် ပင့်သံဃာတော် ၁၀၈ ပါးတို့အား (၁၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်၍ စေတနာရှင် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ကြွရောက် ကြည်ညိုပူဇော်နိုင်ကြောင်း သိရသည်။

(က-ပ)

ကျိုက်ပိကျောင်း မဟာဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျောက်ကုန်း မဟာဗောဓိလမ်း မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်း (၅၇)ကြိမ်မြောက် မဟာဘုံကထိန်ပွဲကို တန်ဆောင်မုန်းလဆန်း ၉ ရက် (၂၉-၁၀-၂၀၀၆) တနင်္ဂနွေနေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယဥက္ကဋ္ဌ) အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အမှူးပြုသော ဝါဆိုသံဃာတော်များနှင့် ပင့်သံဃာတော်အပါး ၁၆၀တို့အား ဆွမ်းဘောဇဉ် ကထိန်သင်္ကန်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်မည်ဖြစ်သည်။ (က-ပ)

သင့်သွေးဖြင့်
အသက်ကယ်ပါ

ပြည်ထောင်စုအားနှင့် ကြံ့ကြံ့ခိုင်ခိုင် မြန်မာ့ယဉ်ကျေးမှုသမိုင်းမှတ်တိုင်

ခြင်ကျား (မအူပင်)

"နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကြွယ်ဝပြည့်စုံပြီးဖြစ်သည့် အမျိုးသားယဉ်ကျေးမှု အရင်းအမြစ်များကို နိုင်ငံနှင့်လူမျိုး မြှင့်တင်ရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်မှု ကာကွယ်ရေး၌ တန်ဖိုးရှိရှိ အသုံးချနိုင်စေရန်အပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၌ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ချစ်ကြည်ရင်းနှီးစွာ ဆုံစည်းကြပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုပညာရပ်များကို ဖော်ထုတ်ထိန်းသိမ်းကြရင်း အမျိုးသား ယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများကို တလေးတစား ချစ်ခင်မြတ်နိုးထိန်းသိမ်းစောင့်ရှောက်လာခြင်းအားဖြင့် တူညီသည့် စိတ်ဓာတ်များ၊ ညီမျှသည့် စိတ်ဓာတ်များ၊ ညီညွတ်သည့် ရပ်တည်မှုများဖြစ်ထွန်းလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် မျိုးချစ်စိတ်ဓာတ် စွမ်းအားလည်း ပိုမိုပြီးခိုင်မာလာမှာဖြစ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ပြည်ထောင်စုနေ့ ပွဲတော်ကြီးများကဲ့သို့ အလေးအနက်ထား အားထည့်ကျင်းပသွားရန် တိုက်တွန်းမှာကြားပြီး ဖြစ်ကြောင်း"

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ၂၀၀၆ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် ကျင်းပသော (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယကများ ပါဝင်သော ပြိုင်ပွဲကျင်းပရေးကော်မတီ ပထမအကြိမ် အစည်းအဝေး၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို အထက်ပါအတိုင်း ရှင်းလင်း ပြောကြားသွားခဲ့ပေသည်။

မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှစပြီး နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုအခါ (၁၄)ကြိမ်မြောက်ခဲ့ပေပြီ။ နိုင်ငံတော်အကြီးအကဲက မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများတွင် မျိုးဆက်သစ်များ ပါဝင်ဆင်နွှဲနိုင်ရေး၊ တိုင်းရင်းသားများပါ ပါဝင်ဆင်နွှဲနိုင်ရေးကို မျှော်မှန်း၍ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများမတိုင်မီ အဆို၊ အက၊ အရေး၊ အတီးပညာရှင်များကို ပြည်နယ်၊တိုင်းများသို့ စေလွှတ်၍ အနာဂတ်ကာလအတွက် အဆို၊ အက၊ အရေး၊ အတီးပညာရှင်များ ပေါ်ထွက်လာစေရန် ပြုစုပျိုးထောင်စေခဲ့လေသည်။ အဆို၊ အက၊ အရေး၊ အတီး ပညာရှင်များက မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပညာ၏ ကိုယ်ပိုင်နည်းဥပဒေသများ၊ စည်းစနစ်များကို လေ့ကျင့်သင်ကြားပေးခဲ့ရာ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ၌ ပြည်နယ်/တိုင်းမှ ယှဉ်ပြိုင်သူဦးရေနှင့် ဆုရသူဦးရေအင်အား မြင့်မားလာသည်ကို တွေ့ရှိရလေသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် သမိုင်းမတင်မီခေတ်ဦးကပင် အဆို၊ အက၊ အရေး၊ အတီးပညာများ စတင်အခြေပြု၍ ရှင်သန်နေပြီဖြစ်ကြောင်း အိမ်နီးချင်းနိုင်ငံများ၏ သမိုင်းမှတ်တမ်းများက ဖွင့်ဆိုထားပေသည်။ တရုတ်မှတ်တမ်းများအရ ရှစ်ရာစုနှစ်အကုန် နန်ချိုဘုရင်ခေတ်တွင် ပျူအနုပညာရှင်များ တရုတ်နိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း ဖော်ပြထားလေသည်။ နန်ချိုဘုရင်၏သားတော် "အီမိုစူး"လက်ထက်နှင့် ၈၀၁-၈၀၂ ခုနှစ် တရုတ်ဘုရင် "ထင်မင်း"၏နန်းတော်သို့ ပျူအနုပညာရှင်များ ရောက်ရှိပုံကိုလည်း ဖော်ပြထားလေသည်။ ပျူအနုပညာရှင်တို့၏ အကတွင် မင်းဧကရာဇ်ပင်မိန်းမော သာယာပုံများ ပျူတို့၏ တူရိယာပစ္စည်း ၂၂ မျိုးအကြောင်းများကိုလည်း တခမ်းတနားဖော်ပြထားလေသည်။

ပြည်မှော်ဇာအရပ်၌ တွေ့ရှိသော သရေခေတ္တရာခေတ်အုတ်ခွက်တစ်ခု၏ တစ်ကြောင်းဆွဲရုပ်ကြွတွင် လူသုံးဦး ကခုန်နေကြပုံကို တွေ့ရခြင်းသည် သရေခေတ္တရာခေတ်၌ပင် အဆို၊ အက၊ အရေး၊ အတီးပညာ ထွန်းကားခဲ့ကြောင်း မှတ်ယူကြရမည်ဖြစ်သည်။ သရေခေတ္တရာခေတ်၌ အခြေတည်ခဲ့သော အဆို၊ အက၊ အရေး၊ အတီးပညာနှင့် တူရိယာပစ္စည်းများသည် ပုဂံခေတ်တွင် ပိုမိုခိုင်မာလာခဲ့လေသည်။

၄၄၃ ခုနှစ်စောလူးမင်းလက်ထက်ထိုး"တောင်ခစည်သဘင်"ကျောက်စာ၊ ၅၅၂ ခုနှစ်ထိုး ပုဂံမြို့ "ဝက်ကြီးအင်းအလယ်ပိုင်း" ကျောက်စာ၊ ထိုနှစ်ရေးထိုးခဲ့သော "ကြံသိုင်းကြီးသမီးကျောက်စာ" ၅၉၈-၅၉၉ ခုနှစ်ထိုး "ရှင်ပင်ဖောဓိကျောက်စာ"၊ ၆၀၃ ခုနှစ်ထိုး "မိဖုရားစော (မြောက်ဂူနီဘုရားကျောက်စာ)"စသည်ဖြင့် ပုဂံခေတ်ကျောက်စာ အများအပြားက ပုဂံခေတ်တွင် မြန်မာ့ အဆို၊ အက၊ အရေး၊ အတီးပညာ ဖွံ့ဖြိုးခိုင်မာနေကြောင်း ဖော်ပြနေလေသည်။ ထို့ပြင် ပုဂံမြို့ သရပါတံခါးအနီးမှ ရရှိသော မွန်ကျောက်စာ၌ ကျန်စစ်သားလက်ထက် နန်းတော် တည်ဆောက်သည့် အခမ်းအနားတစ်ခုတွင် မြန်မာ၊ မွန်၊ ပျူတို့ တေးဂီတဖြင့် ဖျော်ဖြေခဲ့ကြောင်း ဤသို့ဖော်ပြထားလေသည်-

ဆန်နေဇာမြက်ထည့်အပ်သော ခရုသင်းရေတို့၌ တည်ကုန်၏။ ထို့နောက် သူတို့သည် အခြားတို့နှင့် တန်ဆာအားလုံးတို့ကို ရေဆေးကုန်၏။ မြန်မာသီချင်း၊ မွန်သီချင်း၊ ပျူသီချင်းသီဆိုကြ၏။

သတင်းစာဆရာကြီးဦးသိန်းမောင်၏ **"ပုဂံခေတ်ယဉ်ကျေးမှုကျမ်း"**တွင် သီဟိုဠ်မှ ဆပဒမထေရ်ပုဂံသို့ ပြန်ကြွ လာစဉ်တွင် လက်ာဒီပကျွန်းသား အရှင်ရာဟုလာ၊ တာပလိတ္တရွာသား ရှင်သီဝလိ၊ ကမ္ဘောဒီးယားမင်းသား အရှင်ကာဗလိန္ဒ၊ ကိဉ္စိပူရပြည်သား အရှင်အာနန္ဒာတို့ လိုက်ပါလာခဲ့ကြသည်။ ထိုအရှင်ငါးပါးနှင့် တပည့်ရဟန်းများအား ပုဂံပြည့်ရှင် နရပတိစည်သူမင်းက ကျောင်းဆောက်လုပ်လှူဒါန်းကာ အလှူပွဲ၌ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် ခင်းကျင်းပြသကြောင်း ဖော်ပြထားလေသည်။

ပုဂံခေတ်ကျောက်စာများပါ အမည်နာမများအရ တိုင်းရင်းသားပန်တျာပညာရှင်ဦးရေကပိုများသည်ကို တွေ့ရသည်။ ပုဂံခေတ်တွင် အိန္ဒိယအဆို၊ အက၊ အရေး၊ အတီးပညာရှင်များ ရောက်ရှိနေသည်ကို တွေ့ရသော်လည်း မြန်မာ့ကိုယ်ပိုင်ဟန်ဖြင့် ဖြစ်ထွန်းမှုကို မလွှမ်းမိုးနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

ပုဂံခေတ်နောက်ပိုင်း ပင်းယခေတ်တွင်မူ မြန်မာ့အဆို၊ အက၊ အရေး၊ အတီးပညာသည် နယ်ချဲ့ ဆန့်ကျင်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသရုပ်ကို စတင်ဖော်ဆောင်ခဲ့သည်။ ပင်းယခေတ် "ကာက" ဆိုသည်မှာ ဗန်းငယ်ကဲ့သို့ ခပ်ဝိုင်းဝိုင်းသဏ္ဌာန်ရှိသော ကာ(ဒိုင်းတစ်မျိုး)ကို လက်နှစ်ဖက်ဖြင့် ကိုင်လျက်ကခုန်ရသော အတတ်ဖြစ်သည်။ အတူက,သူတို့က ဓား၊ လှံတို့ဖြင့်ထိုးခုတ်သည်ကို မထိအောင်ကာကွယ်၍က,ရသော စစ်ရေးလေ့ကျင့်မှုတစ်ရပ်လည်းဖြစ်သည်။ ထိုသို့-ကာကရာ၌ သီဆိုရသော စစ်သီချင်းကို **"ကာချင်း"**ဟုခေါ်ဝေါ်သည်။

> **"ကျုံးနက်ရေ၊ မြို့ခြေအပြည့်တား၊**
> **တေဟူသည်ကား၊ ထွားရှည်ကျော်ပြန့်ပွား၊**
> **တေဟူသည်ကား၊ ဆယ့်တစ်ရွာအခြား၊**
> **ဒေဝကျော် ထင်ရှား။"**

နယ်ချဲ့ကျူးကျော်သူ မွန်ဂိုတို့၏ရန်ကို ခုခံတွန်းလှန်ရန်အတွက် တေရှမ်းနွယ်ဝင် သီဟသူ၊ ရာဇသင်္ကြန်၊ အသင်္ခယာအမည်ရှိသော ရှမ်းညီနောင်တို့ လယ်တွင်းတစ်ဆယ့်တစ်ရွာရှိ ရှမ်း-မြန်မာ မြင်စိုင်းတပ်ကို ထူထောင်ခဲ့ကြသည်။ အထက်ပါ ကာချင်းကိုငါးစီးရှင်သီဟသူကိုယ်တိုင် သီဆို၍ ကာကဖြင့်မွန်ဂိုနယ်ချဲ့တို့အား တွန်းလှန်ခဲ့သည်။ ထိုကာလက အာရှတစ်လွှားတွင် စစ်ရေး၊ စစ်ရာကျွမ်းကျင်သော၊ အင်အားကြီးမားသော မွန်ဂိုနယ်ချဲ့အား တွန်းလှန်ချေမှုန်းရာတွင် ပင်းယခေတ် အဆိုအကပညာသည် ဇာတိသွေး ဇာတိမာန် တက်ကြွစေရန် နှိုးဆော်နိုင်ခဲ့လေသည်။

မြင်စိုင်းခေတ်၇၀၄ခုနှစ်ကပင်လျှင် ပုဂံခေတ်က အလျှင်အဟုန်မပြတ်ဘဲ အဆို၊ အက၊ အရေး၊ အတီးပညာ အထင်အရှား သီးပွင့်လာခဲ့ပြီး နောင်အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တိုင် တစ်ခေတ်ထက်တစ်ခေတ် စည်ပင်ဖွံ့ဖြိုးတိုးတက်ခဲ့လေသည်။

အင်းဝခေတ် မြန်မာ့အဆို၊ အက၊ အရေး၊ အတီးပညာကို ဆန်းစစ်လျှင် ၈၁၇ခုနှစ် ဘစောဖြူမင်းလက်ထက် ရခိုင်အမတ်အဒူမင်းညို၏ ရခိုင်မင်းသမီးဧချင်းကိုရှေ့တန်းတင်ရမည်ဖြစ်ပေသည်။ ထို့ပြင် အင်းဝသူမိဖြူနှင့် ရခိုင်သူ မိညိုတို့၏ ရတုများသည်လည်း ရှင်မဟာရဋ္ဌသာရ၊ နတ်သျှင်နောင်၊ နဝဒေးတို့နှင့် ခေတ်ပြိုင် အရေး၊ အတီးပညာအဖြစ် လေ့လာတွေ့ရှိရလေသည်။

အင်းဝခေတ်ရေး ဓမ္မရာသီပျို့တွင် **'ပွဲမျိုးရှိရာ၊ ဖွေရှာတီးမှုတ်၊ ယောက်တုတ်လှည့်လည်၊ အငြိမ့်သည်'**ဟုပါရှိခြင်း၊ ပုဂံအာနန္ဒာအုတ်ကျောင်းတွင်းရှိ အင်းဝခေတ်ရေး ပန်းချီလက်ရာများအရလည်းကောင်း၊ မုံရွေး ဆရာတော်၏ကုသပျို့တွင် **'ငြင်းနှင့်မိချောင်း၊ စောင်းအောင်းကလေး၊ ရွှေရေးပတ္တလား၊ အငြိမ့်များကို'**ဟူ၍ ဖွဲ့နွဲ့ထား၍လည်းကောင်း အင်းဝခေတ်တွင် အငြိမ့်သဘင် ပေါ်ပေါက်နေပြီဖြစ်ကြောင်းလည်း မှတ်သားရပေသည်။

အင်းဝခေတ်တွင် ကျေးလက်ဒေသများ၌ မြန်မာ့နောက်ပိုင်းဇာတ်တော်၏ ရှေ့ပြေးဖြစ်သော နိပါတ်ခင်းအကများပေါ်ပေါက်လာခဲ့သည်။ ပုဂံခေတ်က သာသနာရေးဆိုင်ရာအခမ်းအနား၌သာ တီးမှုတ်ခဲ့သော စည်တီးဝိုင်းများကို အင်းဝခေတ် မင်းခမ်းမင်းနားတို့တွင် သုံးစွဲကြသည်။ ထို့ပြင် ဆုအဖြစ် စည်တီးဝိုင်းများနှင့် တူရိယာပစ္စည်းများချီးမြှင့်သည့် ထုံးဓလေ့ကိုလည်းတွေ့ရသည်။ ၁၉၅၈ခုနှစ် ပုံနှိပ်သော လောကဗျူဟာအင်ရုံစာတမ်းတွင် အင်းဝဘုရင်တို့က ရှမ်းစော်ဘွား၊ စုစားများကို စည်နှင့် တူရိယာများချီးမြှင့်ခဲ့ပုံကို အောက်ပါအတိုင်း ဖော်ပြထားလေသည်-

"ရှမ်းစော်ဘွားတို့ကို စည်စ၍ပေးသည်ကားစည်ဖြူငါးလုံးပေးသည်။ နောက်ထပ်စည်ဖြူ ခုနစ်လုံးပေးသည်။ သည့်နောက်ထပ် စည်နီခုနစ်လုံးပေးသည်။ မြို့စုစားတို့ကို စည်ပေးလျှင် စည်ဖြူငါးလုံး၊ ပုံသာတစ်၊ ပလုတ်တစ်၊ လင်ကွင်းတစ်၊ နဲကြီးနှစ်၊ နဲငယ်နှစ်၊ ခရာနှစ်ပေးသည်"ဟု ဖော်ပြထားလေသည်။

၈၄၆ ခုနှစ်တွင် အင်းဝစာဆို ရှင်မဟာရဋ္ဌသာရက ဘူရိဒတ်လင်္ကာကြီးတွင် **"သစ်ခွကြားဝယ်၊ အလျားအခွေ၊ အထွေထွေဖြင့်၊ အတွေအခဲ၊ တွဲရရွဲလျှင်၊ ကြိုးဆွဲငင်ချ၊ အရပ်ကသို့--"**ဟု သီကုံးထားရာ အင်းဝခေတ်ကပင် ရုပ်သေးပညာပေါ်ပေါက်နေကြောင်း မှတ်သားရလေသည်။ ကြိုးဆွဲရုပ်သေးသည် မြတ်စွာဘုရားလက်ထက်တွင် ရှိခဲ့ဖူးကြောင်း ခုဒ္ဒကနိကာယ် ထေရီဂါထာပါဠိတော် ၁၄ တိံသနိပါတ် သုဘာဇီဝကမ္ဗဝနိကာထေရီဂါထာတွင် အထင်အရှား တွေ့ရလေသည်။ ခရစ်နှစ် ၅၅၇ ခုနှစ်တွင် တရုတ်ပြည်မြောက်ပိုင်း၌ ခေတ်စားသော **"စင်ယိ"**ခေါ် ရုပ်သေးနှင့် တရုတ်ပြည်မြောက်ပိုင်း၌ ခေတ်စားသော **"ကုန်လွဲယိ"**ခေါ် ရုပ်သေးနှင့် ၁၂၇၉ ခုနှစ် ယွန်မင်းလက်ထက် ရုပ်သေးတို့မှာ တုတ်ထိုးရုပ်သေးများသာ ဖြစ်လေသည်။ ထို့ကြောင့် မဟာဂီတကျမ်းပြု ဒီးဒုတ်ဦးဘချိုက ရုပ်သေးသည် တရုတ်ပြည်မှ မြန်မာနိုင်ငံသို့ ဆင်းသက်လာသည်ဆိုသော သုတေသီတို့၏ သုံးသပ်ချက်ကို ပယ်ချခဲ့ခြင်း ဖြစ်လေသည်။

မြန်မာတို့၏ အဆို၊ အက၊ အရေး၊ အတီးပညာသည် ပျူ၊ ပုဂံ၊ ပင်းယ၊ တောင်ငူ၊ အင်းဝခေတ်တို့ အဆက်ဆက် တိုးပွားစည်ပင်လာခဲ့မှုတို့ကြောင့် ကုန်းဘောင်ခေတ်ရောက်သောအခါ ကိုင်းခက်ဝေဆာ၊ အသီးအပွင့်တို့ ဖြာခဲ့လေသည်။ မြန်မာ့စောင်းကို တိုးတက်အောင် တီထွင်ခဲ့သော မြဝတီဝန်ကြီးသည် ကုန်းဘောင်ခေတ် မြန်မာ့အဆို၊ အက၊ အရေး၊ အတီးပညာ၏ လမ်းပြကြယ်ဟု ဆိုရပေလိမ့်မည်။ မြဝတီဝန်ကြီးသည် ဘကြီးတော်မင်းလက်ထက်တွင် သဘင်ဝန်ဦးသော်နှင့်တွဲ၍ တစ်ကြိမ်၊ ဘိုးတော်ဘုရားလက်ထက်တွင် သဘင်ဝန်ဦးနုနှင့်တွဲ၍ တစ်ကြိမ် မြန်မာ့ရုပ်စုံသဘင် တိုးတက်စည်ပင်ရန် ကြံဆောင်ခဲ့လေသည်။

ကုန်းဘောင်ခေတ် စဥ့်ကူးမင်းလက်ထက်ကပင် သဘင်ဝန်များ စတင်ခန့်လျက် မြန်မာ့အဆို၊ အက၊ အရေး၊ အတီးပညာကို အားပေးလာခဲ့သည်။ ထို့ကြောင့် ကုန်းဘောင်ခေတ်တွင် အနိမ့်သဘင်၊ အမြင့်သဘင်၊ အတီးသဘင်၊ အဆိုသဘင်ဟူသော သဘင်လေးမျိုး ဖွံ့ဖြိုးခိုင်မာလာခဲ့သည်။ ပုဂံမင်းလက်ထက်တွင် နန်းတော်၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်စမုတ်တို့တွင် ဇာတ်ရုံကြီးများဆောက်၍ သဘင်ပွဲများကို အလှည့်ကျတင်ဆက်စေခဲ့ကြောင်းလည်း မှတ်သားရလေသည်။

ဤသို့ ခေတ်အဆက်ဆက် ခက်လက်ဝေဖြာစည်ပင်လာသော မြန်မာ့အဆို၊ အက၊ အရေး၊ အတီး ပညာသည် မြန်မာနိုင်ငံနှင့် မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝရောက်ရှိသောအခါ ရေဝေးကြာသို့ ဖြစ်ခဲ့ရသည်။ သို့ရာတွင် မြန်မာ့ အဆို၊ အက၊ အရေး၊ အတီးပညာရှင် ဦးချစ်ဖွယ်က အငြိမ့်စင်ပေါ်မှ အမျိုးသားရေးစိတ်ဓာတ် နိုးကြားတက်ကြွအောင် အောက်ဖော်ပြပါ နဘေထပ်လင်္ကာ(ဇာတ်စာ)ဖြင့် နှိုးဆော်ခဲ့ဖူးသည်-

"တို့မြန်မာ တို့ချစ်ခင်၊ ဘဝတစ်ကမ္ဘာ မမုန်းဘဲ ဓနအသပြာဖြုန်း၍ အရိုင်းမသင်ကြနှင့်၊ လသာတုန်း ဗိုင်းငင်ဆိုတာလို၊ တလိုင်း၊ ကချင်၊ မွန်၊ မြန်မာတစ်စုတို့က၊ ဝံသာနု အထူးခေတ် တကယ်ကြံကြပေါ့၊ ဦးချစ်ဖွယ်က အစုံစုံအခါ ထူးကောင်းတာမို့၊ ဗမာ့စကူးကျောင်း ပညာဆွယ်ကြလျှင်၊ အင်္ဂါကြယ် လက်လှမ်းလို့မှီလိမ့်"

မြန်မာနိုင်ငံတွင် အမျိုးသားကျောင်း ပေါ်ပေါက်လာခဲ့ပုံနှင့် အမျိုးသားကျောင်းများကို အားပေးရန် ဦးချစ်ဖွယ်ဆိုခဲ့သော နဘေထပ်လင်္ကာဖြစ်သည်။ နယ်ချဲ့ခေတ်တွင် မြန်မာ့အမြင့်သဘင်ဖြစ်သော ရုပ်စုံစင်ပေါ်သို့ အင်္ဂလိပ်ရုပ်နှင့် ဘိုခွေးရုပ်များ ကျူးကျော်တက်ရောက်လာသောကြောင့် ရုပ်သေးမင်းသမီးဦးဖူးညို ခေါင်းဆောင်သော ရုပ်သေးပညာရှင်များက သုတ်သင်တိုက်ထုတ်ခဲ့ရဖူးသည်။

ယနေ့ခေတ်သည် Globalization ဖြစ်စဉ်ကြောင့်ကမ္ဘာ့နိုင်ငံအများစုသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှု ယိုယွင်းပျက်စီးပျောက်ကွယ်မသွားစေရန် ကြိုးစားထိန်းသိမ်းနေရသောကာလဖြစ်သည်။ စီးပွားရေးအရ၊ နည်းပညာအရ သာလွန်သော နိုင်ငံကြီးများ၏ ယဉ်ကျေးမှုက မိမိတို့ကိုယ်ပိုင် ယဉ်ကျေးမှုကို ရောထွေးလွှမ်းခြုံစေမည့် ယဉ်ကျေးမှုကျွန်ပြုခြင်း အန္တရာယ်မှ ကာကွယ်နေရသော ကာလလည်းဖြစ်သည်။ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုများဖြစ်သည့် မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့သဘင်စသည့် အနုပညာရပ်များ အရှည်တည်တံ့စေပြီး ပြည်နယ် တိုင်းနယ်မြေဒေသအားလုံး၌ အခြေခိုင်မာပြန့်ပွားရေး၊ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အမျိုးသားရေး စရိုက်လက္ခဏာရှင်သန်ရေးစသည့် မွန်မြတ်သော ရည်ရွယ်ချက်များနှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ကျင်းပပေးနေခြင်းဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပပေးခြင်း၊ တိုင်းရင်းသားရိုးရာအက တေးဂီတများကို ထိန်းသိမ်းပေးခြင်း၊ ရန်ကုန်နှင့် မန္တလေးတို့၌ ယဉ်ကျေးမှု တက္ကသိုလ်များ အဆင့်မြင့် တည်ထောင်ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❖

ယာဉ်ကြောပိတ်ဆို့မှု သက်သာရေးနှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကို ပိုမိုဆွဲဆောင်ရေး မလေးရှား၌ တစ်လမ်းပြေးရထားလမ်း ဖောက်လုပ်မည်

ကွာလာလမ်ပူ အောက်တိုဘာ ၁၉

ယာဉ်အသွားအလာ ပိတ်ဆို့မှု သက်သာလျော့ပါးစေရေးနှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကို ပိုမိုဆွဲဆောင်နိုင်ရေးအတွက် ပြေးလမ်းတစ်လမ်းတည်းဖြင့် သွားလာသည့် ရထားလမ်းစနစ် (monorail) တည်ဆောက်ရန် မလေးရှားနိုင်ငံ မလက္ကာပြည်နယ်အစိုးရက ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း နယူးစထရိတ်တိုင်းမ်သတင်းစာက အင်္ဂါနေ့တွင် ရေးသားသည်။

တစ်လမ်းပြေးရထား စနစ်သည် စင်ကာပူနိုင်ငံ ဆန်တိုဆာကျွန်းတွင် တည်ဆောက်ထားသည့် ရထားလမ်းစနစ်နှင့် အလားတူဖြစ်ပြီး သမိုင်းဝင်မြို့ဖြစ်သည့် မလက္ကာမှ မြို့လယ်အချင်းဝက် ငါးကီလိုမီတာအတွင်း ပြေးဆွဲမည်ဖြစ်သည်ဟု ပြည်နယ်ဝန်ကြီးချုပ် ရပ်စ်ထရမ်ကို ကိုးကား၍ နယူးစထရိတ်တိုင်းမ် သတင်းစာက ဖော်ပြသည်။

ဖြည့်ဆည်းပေးမည်

တစ်လမ်းပြေး မီးရထားသည် မလက္ကာဒေသခံပြည်သူများနှင့် ပြည်ပခရီးသည်များ စိတ်ကြိုက်တွေ့မည့် သယ်ယူပို့ဆောင်ရေးစနစ်သစ် တစ်ရပ်ဖြစ်လာရန် ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ရပ်စ်ထရမ်က ပြည်နယ်လွှတ်တော်တွင် တနင်္လာနေ့က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် ရေနံတွင်း တူးရာမှ ထွက်လာသော ရွှံ့ရည်များကြောင့် လူနေအိမ်ခြေများ ရွှံ့ရည်များ နစ်မြုပ်နေသည်ကို အောက်တိုဘာ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာ သတင်းများ

ရောမမြို့တွင် မြေအောက်မီးရထားနှစ်စင်းတိုက်မိ တစ်ဦးသေဆုံး၊ ၁၁၀ ဒဏ်ရာရရှိ

ရောမ အောက်တိုဘာ ၁၉

ရောမမြို့မြေအောက်မီးရထားလမ်းတွင် အောက်တိုဘာ ၁၇ ရက် နံနက်စောစောပိုင်းက မီးရထားနှစ်စင်းတိုက်မိရာ လူတစ်ဦးသေဆုံးပြီး လူ ၁၁၀ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနက ဖော်ပြသည်။

ရောမမြို့၏ ပင်မဂိတ်အနီးရှိ မြေအောက်ဘူတာ ပီဇာဗစ်တိုရီအိုတွင် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်က ရထားတိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရထားလမ်းပေါ် ရပ်ထားသော မီးရထားတစ်စင်းကို အမြန်နှုန်းဖြင့် မောင်းနှင် လာသော မီးရထားတစ်စင်းက နောက်မှ ဝင်တိုက်ခဲ့ကြောင်း မီးသတ်သမားများက ပြောကြားသည်။

ထိခိုက်သေဆုံးသူမှာ အသက် ၃၀ အရွယ် အီတလီ အမျိုးသမီးတစ်ဦး ဖြစ်ကြောင်း၊ ကနဦးပိုင်းတွင် မီးရထားမောင်းသူကို သေဆုံးပြီဟု ယူဆခဲ့သော်လည်း အရေးပေါ်ဌာနသို့ ရောက်ရှိပြီးနောက် သတိရလာခဲ့ကြောင်း သိရသည်။ ထိခိုက်ဒဏ်ရာရသူ ၆၀ မှာ ဒဏ်ရာပြင်းထန်ပြီး လေးဦး ထက်မနည်းမှာ အရေးပေါ် ကုသမှုခံယူနေရကြောင်း ယင်းဌာနက ပြောကြားသည်။

ထိခိုက်ဒဏ်ရာရရှိသူ အများစုသည် အတွင်းဒဏ်ရာများနှင့် ထိတ်လန့်မှု ခံစားကြရကြောင်းသိရသည်။

ဆိုးဆိုးရွားရွား ဒဏ်ရာရရှိသူများကို ဘူတာရုံမှဆေးရုံသို့ လူနာတင်ယာဉ်များဖြင့် ချက်ချင်း ပို့ဆောင်ပေးကြသည်။

ယင်းရထားတိုက်မှုသည် ရောမမြို့တော်၏ မီးရထားလမ်းအချက်ပြစနစ် မှားယွင်းခြင်းကြောင့် ဖြစ်ပွားရကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိလင်္ကာ၌ တိုက်လေယာဉ်ပျက်ကျ

ကိုလံဘို အောက်တိုဘာ ၁၉

သီရိလင်္ကာနိုင်ငံ လေတပ်မှ ကေဖာ အမျိုးအစား တိုက်လေယာဉ်တစ်စင်းသည် မြို့တော်ကိုလံဘိုအနီး ပင်လယ်တွင်းသို့ ပျက်ကျသွားကြောင်း၊ လေယာဉ်မှူးမှာ ထိခိုက်ဒဏ်ရာမရရှိဘဲ လွတ်မြောက်သွားကြောင်း တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

ကေဖာတိုက်လေယာဉ်သည် နည်းပညာဆိုင်ရာချွတ်ယွင်းမှု ပေါ်ပေါက်ပြီးနောက် ကိုလံဘို နိုင်ငံတကာလေဆိပ် အနီး နီဂွန်ဘို ပင်လယ်ထုံးအိုင်ထဲသို့ ပျက်ကျသွားကြောင်း၊ လေယာဉ်မှူးမှာ လွတ်မြောက်သွားကြောင်း၊ အရပ်ဘက်ဆိုင်ရာပစ္စည်းများ ပျက်စီးမှုမရှိကြောင်း လေတပ်မှ တာဝန်ရှိသူများက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြက်ငှက်တုပ်ကွေးရောဂါကြောင့် အင်ဒိုနီးရှား၌ အမျိုးသမီးတစ်ဦး သေဆုံး

ဂျကာတာ အောက်တိုဘာ ၁၉

အသက် ၆၁ နှစ်ရှိ အင်ဒိုနီးရှားအမျိုးသမီးတစ်ဦးမှာ ကြက်ငှက်တုပ်ကွေးရောဂါဖြင့်သေဆုံးကြောင်း၊ ၎င်းမှာ ရက်သတ္တတစ်ပတ်ကျော်ကြာမျှ ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုးကြောင့် သေဆုံးသူများအနက် အဆိုပါ အမျိုးသမီးမှာ ၅၄ ဦးမြောက်ဖြစ် ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၁၆ ရက်တွင် ပြောကြားသည်။

သူမတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုးဖြစ်ပွားစေသော ဗိုင်းရပ်စ်ပိုးများစွာရှိနေသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၇၁ ဦးအနက် အဆိုပါ အမျိုးသမီးနှင့်ဆိုလျှင် သေဆုံးသူ ၅၄ ဦးရှိပြီ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ကြက်ငှက်တုပ်ကွေးရောဂါ သတင်းရယူရေးဌာန အကြီးအကဲ ရှုနီဇာရူဆင်က ပြောကြားသည်။ အဆိုပါ အမျိုးသမီးမှာ ဂျာဗားပြည်နယ် အနောက်ဘက် ဘန်ဒေါင်းမြို့တွင် အောက်တိုဘာ ၁၅ ရက်ညက သေဆုံးခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီတလီနိုင်ငံ ရောမမြို့ မြေအောက်ရထားဘူတာရုံတွင် ရထားနှစ်စင်းတိုက်မိပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို အောက်တိုဘာ ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အမေရိကန်၌ ကြက်ငှက်တုပ်ကွေးရောဂါ စိုးရိမ် တာမီဖလူးဆေးဝါးများ သိုလှောင်နေကြ

ချီကာဂို အောက်တိုဘာ ၁၉

အမေရိကန်ပြည်ထောင်စုတွင် ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ မီဒီယာသတင်းဌာနများတွင် ရေးသားဖော်ပြမှုများ ပြုလုပ်ပြီးခဲ့သည့်နောက် နိုင်ငံသူ၊ နိုင်ငံသားများ အနေဖြင့် ယင်းရောဂါဖြစ်ပွားမည်ကို စိုးရိမ်သဖြင့် တာမီဖလူးဆေးဝါးများကို ယမန်နှစ်မှစတင်ပြီး သိုလှောင်နေကြကြောင်း အင်္ဂါနေ့က ထုတ်ပြန်သည့် လေ့လာချက် စာတမ်းတစ်ရပ်အရ သိရှိရသည်။

ငါးဆတိုးတက်

ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးအတွက် တာမီဖလူးဆေးဝါးများအသုံးပြုရန် ဆရာဝန်များ၏ ဆေးလက်မှတ်များဖြင့် ဝယ်ယူသည့်ပမာဏသည် ၂၀၀၄ ခုနှစ် စက်တင်ဘာနှင့် အောက်တိုဘာလမှ ၂၀၀၅ ခုနှစ် စက်တင်ဘာလထိ ငါးဆနီးပါး တိုးတက်ခဲ့သည်ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန၏ ဆန်းစစ် လေ့လာချက်များအရ သိရှိရသည်။

စုဆောင်း

ကမ္ဘာတစ်ဝန်းတွင် ရိုချီကုမ္ပဏီနှင့် ဂျီလက်ကုမ္ပဏီများက ထုတ်လုပ်သည့် တာမီဖလူးဆေးဝါးများ ဝယ်ယူစုဆောင်းနေစဉ်ကတည်းက အမေရိကန်ပြည်ထောင်စုမှ တုပ်ကွေးရောဂါ ဖြစ်ပွားသူများအနေဖြင့် ယင်းဆေးဝါးများကို သိုလှောင် စုဆောင်းနေခဲ့သည်ဟု ယင်းလေ့လာ ချက်စာတမ်းအရ သိရှိရသည်။

ရိုချီကုမ္ပဏီက တာမီဖလူးဆေးဝါးများကို အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ရောင်းချမှုကို ရပ်ဆိုင်းထားသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဟန်တင်တန်ကမ်းခြေ၌ ပြုလုပ်သော ရေလွှာလျှောစီးပြိုင်ပွဲတွင် ပြင်သစ်မှ ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်နေသည်ကို အောက်တိုဘာ ၁၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

တန်ဇန်နီးယား၌ ဆိပ်ကမ်းလုပ်ငန်းများကြန့်ကြာ မော်တော်ယာဉ်တင်သွင်းသူများ မကျေမနပ်ဖြစ်

ဒါရက်ဆလမ် အောက်တိုဘာ ၁၈

တန်ဇန်နီးယားနိုင်ငံ၌ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ဆိပ်ကမ်းကိစ္စများကို ကိုင်တွယ်ဖြေရှင်းရာတွင် နှောင့်နှေးကြန့်ကြာမှုများရှိနေခြင်းကြောင့် မော်တော်ယာဉ်တင်သွင်းသူများက တန်ဇန်းနီးယား နိုင်ငံ ဒါရက်ဆလမ်၌ရှိသည့် စီးပွားရေးဈေးကွက်မှ ကင်ညာနိုင်ငံ မွမ်ဘာဆာမြို့သို့ ရွှေ့ပြောင်းသွားမည်ဟု မကျေမနပ်ပြောကြားခဲ့ကြသည်။

မော်တော်ယာဉ်တင်သွင်းသည့် ကုမ္ပဏီတစ်ခုဖြစ်သည့် ဒိုင်းမွန်းရှစ်ပင်းဆားဗစ်ဆက်ကုမ္ပဏီက ဒါရက်ဆလမ်ဆိပ်ကမ်းတွင် မော်တော်ယဉ် ၁၀၆၇ စီးတို့ကို သတ်မှတ်ထားသည့် ကာလအတွင်း ထုတ်ပေးရန် ပျက်ကွက်မှုကြောင့် ငွေကြေးအကြီးအကျယ် ဆုံးရှုံးခဲ့ရသည်ဟု တန်ဇန်းနီးယား ဆိပ်ကမ်းအာဏာပိုင်သတင်းရပ်ကွက်ကို ကိုးကား၍ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော သတင်းစာက ရေးသားသည်။

အောက်တိုဘာ ၁၂ ရက် နောက်ပိုင်းတွင် ဒါရက်ဆလမ်ဆိပ်ကမ်း၌ ရပ်ထားသည့် မော်တော်ယာဉ်တင်သည့် သင်္ဘောမှ ကားချပေးသည့် ယာဉ်မောင်း ၆၀ ရှိသည့်အနက် ခြောက်ဦးသာ လုပ်ငန်းခွင်ဝင်ခဲ့ကြသည်ဟု သတင်းစာက ရေးသားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမှာစကားပြောကြား

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို မြိတ်မြို့ ပုလဲရတနာခန်းမ၌ တနင်္သာရီတိုင်း ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ သင်ကြားမှု ထူးချွန်ဆုရ ဆရာ၊ ဆရာမများ၊ အောင်ချက်ထူးချွန်သော ကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လူငယ်လူရွယ်တိုင်း မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်အခြေခံရှိမှ အမျိုးသားရေးအမြင် ထာဝရရှင်သန်ထက်မြက်မည် တိုင်းရင်းသားညီအစ်ကိုမောင်နှမချင်း ချစ်ခင်စည်းလုံးမှ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်မည်

နေပြည်တော် အောက်တိုဘာ ၂၀

တနင်္သာရီတိုင်း ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ သင်ကြားမှုထူးချွန်ဆုရ ဆရာ၊ ဆရာမများ၊ အောင်ချက်ထူးချွန်သောကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ရက် နံနက် ၈နာရီတွင် မြိတ်မြို့ရှိ ပုလဲရတနာခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းနှင့်မြို့နယ် ပညာရေးမှူးများ၊ ပညာရေးဝန်ထမ်းများ၊ ဆုရကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆုရဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

အစီအစဉ်အရ အခြေခံပညာ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုကဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် အမိ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်ပေါင်းစုံတွင် နိုင်ငံတကာနှင့်ယှဉ်တွဲပြီး ဖွံ့ဖြိုးတိုးတက်စေရအောင် ဆရာ၊ ဆရာမများ အပါအဝင် ပြည်သူများ၏ စွမ်းအားများနှင့် အောင်အောင်မြင်မြင် တည်ဆောက်ပေး လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ရရှိဖြစ်ထွန်းလာနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ အောင်မြင်ဖြစ်ထွန်းမှု အခွင့်အလမ်းကောင်းများကို အမျိုးသားပညာရည် မြင့်မားမှု စွမ်းအားများနှင့် ပေါင်းစပ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရှိလာအောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၏ ပညာရည်မြင့်မားမှု၊ အသိအမြင် ဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာမှု စွမ်းအားများနှင့် နိုင်ငံတကာ အဆင့်မီ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုစွမ်းအားများကို ဟန်ချက်ညီညီ ပေါင်းစပ်ပြီး တက်ညီလက်ညီ အားထုတ်ကြိုးစားနိုင်မှသာ မိမိတို့လိုလားတောင့်တနေသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို အောင်အောင်မြင်မြင် တည်ဆောက်နိုင်မည် ဖြစ်ကြောင်း။

ယခုအခါ ပညာရေးကဏ္ဍ၏ လုပ်ငန်းစဉ်များကို အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀နှစ်ရှည် စီမံကိန်းဖြင့် ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့မြင်ကြရမည် ဖြစ်ကြောင်း။

၎င်းအမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းသည် ရှေ့အနှစ် ၃၀ကို မျှော်မှန်းချက်ချမှတ်ထားသည်နှင့်အညီ ကာလတို ငါးနှစ်စီမံကိန်းများတွင် နှစ်စဉ် လုပ်ငန်းစီမံချက်များ ပိုင်းခြား၍ နှစ်စဉ်နှစ်တိုင်း ပြန်လည်သုံးသပ်ဆွေးနွေးဆုံးဖြတ် ချမှတ်ဆောင်ရွက်နေသည် ဖြစ်သည့်အတွက် အကောင်အထည်ဖော်မှုအပိုင်းတွင် လက်တွေ့ကျရန်နှင့်အခြေခံအဆင့်တွင် အဆင်ပြေချောမွေ့အောင်မြင်ရန် အရေးကြီးကြောင်းကို ပြောကြားလိုကြောင်း။

ယနေ့ နိုင်ငံတော်က ဖန်တီးပေးထားသည့် မူလတန်းလွန်ကျောင်း၊ တွဲဖက်ကျောင်း၊ ကျောင်းခွဲများသည် ကျေးလက်နေကျောင်းသူ၊ ကျောင်းသားများ လွယ်လင့်တကူ ဆက်လက် ပညာသင်ယူနိုင်စေရန်၊ တန်းစဉ်တက်ကူးပြောင်းသင်ယူမှုနှုန်း မြင့်မားလာစေရန်၊ အထူးသဖြင့် ကျေးလက်နေကျောင်းသူ၊ ကျောင်းသားများအတွက် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရန်၊ ကျေးလက်ပညာရည်မြင့်မားရေးကို ထိထိရောက်ရောက် အထောက်အကူ ဖြစ်စေနိုင်ရန် ဆောင်ရွက်ပေးထားခြင်း ဖြစ်ကြောင်း။

စာသင်ကျောင်းများက စတင်၍ ကျောင်းသူ၊ ကျောင်းသား ကလေးငယ်များကို ကျောင်းစည်းကမ်း၊ လူ့စည်းကမ်း လိုက်နာထိန်းသိမ်းတတ်ပြီး မိမိကျောင်းကို ကောင်းအောင် ပြုပြင်ချင်သောစိတ်ဓာတ်၊ မိမိပါဝင်သည့် လူ့အဖွဲ့အစည်းကို တိုးတက်ကြီးပွားစေလိုသော စိတ်ဓာတ်နှင့် မိမိတစ်ပိုင်တစ်နိုင် ကူညီဆောင်ရွက်ပေးတတ်သော အလေ့အကျင့်များကို ပြုစုပေးလိုက်နိုင်မည်ဆိုလျှင် ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်တတ်သော တိုင်းကျိုးပြည်ဆောင် လူငယ်များဖြစ်လာမည် အမှန်ဖြစ်ကြောင်း။

စွမ်းအားကိုမြှင့်တင်

လူငယ်၊ လူရွယ်တိုင်းတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို ချစ်ခင် မြတ်နိုးတတ်သည့် စိတ်ဓာတ် အခြေခံရှိမှသာ အမျိုးသားရေးအမြင် အစဉ်ထာဝရရှင်သန်ထက်မြက် နေမည် ဖြစ်ကြောင်း၊ မိမိတို့ တိုင်းရင်းသား ညီအစ်ကို မောင်နှမအချင်းချင်း ချစ်ခင်စည်းလုံးသည့်စိတ်ဓာတ် ထက်သန်နေမှသာ ပြည်ထောင်စုစိတ်ဓာတ် အမြဲထာဝရ ထက်မြက် ရှင်သန်နေမှာ ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများ အားလုံးက မိမိတို့၏ တပည့်ကျောင်းသူ ကျောင်းသားများကို ဆင်ခြင်တွေးတော ချိန်ဆတတ်သည့် အသိဉာဏ်၊ တွေးခေါ် မြော်မြင်နိုင်သည့် စွမ်းအားများနှင့် ပြည့်စုံစေရအောင် လေ့ကျင့်ပျိုးထောင်ပေးရင်း လူငယ်များ၏ စွမ်းအားကို မြှင့်တင်ပေးကြရန်တိုက်တွန်း ပြောကြားလိုကြောင်း။

တနင်္သာရီတိုင်း၏ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်သည် ၂၈ ဒသမ၉၆ရာခိုင်နှုန်းရသဖြင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏ အောင်ချက်ဖြစ်သည့် ၂၅ ဒသမ ၄၇ ရာခိုင်နှုန်းထက် ကျော်လွန်သည်ကို တွေ့ရမည် ဖြစ်ကြောင်း၊ တိုင်းနှင့်ပြည်နယ် ၁၇ ခုတွင် မွန်ပြည်နယ်က ၃၃ဒသမ၆၄ ရာခိုင်နှုန်းဖြင့် ပထမရပြီး မန္တလေးတိုင်းက ၃၀ဒသမ၆၂ရာခိုင်နှုန်းဖြင့် ဒုတိယ၊ တနင်္သာရီတိုင်းနှင့် ဧရာဝတီတိုင်းတို့သည် ၂၈ဒသမ၉၆ရာခိုင်နှုန်းဖြင့် ပူးတွဲ တတိယရရှိကြောင်း။

ယခုကဲ့သို့ တတိယအဆင့်ရရှိအောင် ကြိုးကြပ်လမ်းညွှန်မှု ပေးခဲ့ကြသည့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအသီးသီးမှ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်းများ၊ စေတနာရှင်အလှူရှင်များကို မှတ်တမ်းတင်ဂုဏ်ပြုအပ်ကြောင်း။

အလားတူပင် တိုင်း၊ ခရိုင်၊ မြို့နယ် ပညာရေးဌာန အဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများနှင့် သင်ကြားပို့ချပေးသည့် ဆရာ၊ဆရာမများအားလုံးကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ကြောင်း။

ဆက်လက်ပြီး တနင်္သာရီတိုင်း ဂုဏ်ဆောင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးဆုများ ရရှိအောင် ကြိုးပမ်းခဲ့ကြသည့်ဂုဏ်ထူးရှင်မောင်မယ်အပေါင်းတို့ကိုလည်း အထူးမှတ်တမ်းတင်ဂုဏ်ပြုအပ်ကြောင်း။

ဆက်လက်ကြိုးပမ်း

နိဂုံးချုပ်အနေဖြင့်မှာကြားလိုသည်မှာ တနင်္သာရီတိုင်း၏ ၂၀၀၇ခုနှစ်မှာကျင်းပပြုလုပ်မယ့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာနှုန်း ယခုနှစ်ထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ကြိုးပမ်းကြပါ၊ သုံးဘာသာနှင့်အထက် ဂုဏ်ထူးရှင်များ ယခုထက်ပိုမိုများပြားအောင်နှင့် ခြောက်ဘာသာဂုဏ်ထူးရှင်များ ပေါ်ပေါက်အောင် ကြိုးပမ်းကြပါ၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရေးမှာ ပိုင်းဝန်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်မှူးချုပ်ခင်ဇော်ဦးက အခမ်းအနားကျင်းပရခြင်း အကြောင်းနှင့် တနင်္သာရီတိုင်းအတွင်း ပညာရည်မြင့်မားရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးရှင်းလင်းအမှာစကား ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုဆုချီးမြှင့်ခြင်း အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်ချက် ၃၇ ဒသမ ၈၄ ဖြင့် အကောင်းဆုံးအောင်ချက်ဆု မြို့နယ်ဖြစ်သည့် လောင်းလုံမြို့နယ်မှ မြို့နယ်ပညာရေးမှူး ဒေါ်ရွှေမိ၊ အောင်ချက် ၅၈ ဒသမ ၂၄ ဖြင့် အကောင်းဆုံး အောင်ချက်ဆုရ ကျောင်းဖြစ်သည့် အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းအုပ်ကြီး ဦးတင်မောင်ဆွေ၊ ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၌ကျင်းပသော (၁၈)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ လူငယ်များတွေ့ဆုံပွဲသို့ တက်ရောက်ခွင့်ရရှိသော အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ဆဋ္ဌမတန်း ကျောင်းသား မောင်ဝေယံကိုကိုတို့အား ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းအတွင်း ပထမဆုရ ထားဝယ်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မမြတ်ဟေမာစိုး၊ ဒုတိယဆုရ မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မကေရီထွန်း၊ တတိယဆုရ မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဆန်းမော်နှင့် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မကေရီထွန်းတို့အား ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန အမှတ်(၁)အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်က ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော မြိတ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦး၊ မြိတ်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူတစ်ဦး၊ ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူနှစ်ဦး၊ ထားဝယ်မြို့ အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်းမှ ကျောင်းသူသုံးဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၃ဦးတို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ရဲမှူးကြီးမြင့်စိုးက ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသောမြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၀ဦး၊ မြိတ်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှတစ်ဦး၊ မြိတ်မြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ လေးဦး၊ မြိတ်မြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ တစ်ဦး၊ ကျွဲကူး အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းမှ တစ်ဦး၊ ပုလောမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ တစ်ဦး၊ ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ နှစ်ဦး၊ ထားဝယ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှတစ်ဦး၊ ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှနှစ်ဦး၊ လောင်းလုံ အခြေခံ ပညာအထက်တန်းကျောင်းမှ နှစ်ဦးနှင့် အောက်ရေဖြူ အခြေခံပညာ အထက်တန်းကျောင်းမှနှစ်ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၇ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းပညာရေးမှူး ဦးဝင်းဆွေက ၂၀၀၆ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိအောင်နှင့် အောင်ချက်မြင့်မားရေးအတွက် ကူညီပံ့ပိုးပေးခဲ့သော မြိတ်တက္ကသိုလ်မှ ပါမောက္ခချုပ် ဦးသိန်းအောင်နှင့် ထားဝယ်တက္ကသိုလ်မှဒုတိယပါမောက္ခချုပ် ဦးကျော်ကျော်ဌေး၊ သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိအောင်သင်ကြားပေးသောမြိတ်မြို့နယ်မှ ဆရာ၊ ဆရာမ ၄၂ဦး၊ ထားဝယ်မြို့နယ်မှ ဆရာ၊ ဆရာမ ၂၃ဦး၊ ပုလောမြို့နယ်မှ ဆရာ၊ ဆရာမ ခုနစ်ဦးနှင့် လောင်းလုံမြို့နယ်မှ ဆရာ၊ ဆရာမ ရှစ်ဦးတို့အား ဂုဏ်ပြုဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်သူ မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မကေရီထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက်အခြေခံပညာ ကျောင်းသားကျောင်းသူများက "ဓာတိမာန်" သီချင်းကို သီဆိုတင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဂုဏ်ပြုဆုရ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီး အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

✻ ကျောဖုံး

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၂ဦး ရှိသည့်အနက် ၁၁ ဦး တက်ရောက်၍ ရာခိုင်နှုန်းအားဖြင့် ၉၁ ဒသမ ၆၇ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်း၊နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အလှည့်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြချက်အနက် သီးခြားအကြံပြုချက်များနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ရှင်းလင်းပြောကြားချက်အပေါ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက် စာတမ်းကို တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးအောင်သိန်း (ရှာငံမဲဆန္ဒနယ်)က ဖတ်ကြားတင်ပြသည်။

ကြေညာ

ယင်းနောက် အလှည့်ကျသဘာပတိက ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထား တင်ပြချက်စာတမ်းကို တက်ရောက်လာကြသူများ၏ ဆန္ဒသဘောထား ရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၉နာရီ ၁၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်း (တောင်တွင်းဘိုသိန်း) နှင့် ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက် ကြသည်။

၄၆ဦး တက်ရောက်

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၄၇ဦး ရှိသည့်အနက် ကိုယ်စားလှယ် ၄၆ဦး တက်ရောက်လာသည့်အတွက် အစည်းအဝေး တက်ရောက်မှု ရာခိုင်နှုန်း ၉၇ ဒသမ ၈၇ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သဘာပတိအဖွဲ့ကိုယ်စား အမျိုးသားညီလာခံ ကိုယ်စားလှယ် မကွေးတိုင်းမှ ဦးသိန်းအောင်နှင့် ချင်းပြည်နယ်မှ ဦးလာလ်ကုန်းတို့က နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အခန်းနှင့် တပ်မတော် အခန်းတို့အတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အလှည့်ကျ သဘာပတိအဖွဲ့က ကောက်နုတ်စုစည်း တင်ပြချက်အနက် သီးခြားအကြံပြုချက်များနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက် စာတမ်းကို ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီသို့တင်ပြမည့် သဘောထားတင်ပြချက် စာတမ်းကို သဘာပတိက တက်ရောက်လာသူများ၏ ဆန္ဒသဘောထားကို ရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ကျင်းပရာ အလှည့်ကျသဘာပတိ ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆို၍ သွေးလှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၀

လယ်ဝေးမြို့ပါရမီ သွေးလှူရှင်များအသင်းမှ အမှတ်(၄)ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးကျော်သူရသည် အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အောက်တိုဘာ ၁၈ရက်တွင် နေပြည်တော် ခုတင်(၃၀၀)ဆံ့ဆေးရုံကြီး သွေးလှူဘဏ်သို့ လာရောက်သွေးလှူဒါန်းသည်။

(သတင်းစဉ်)

အမှောင့်ပူးသော်

★ East or West
Home is the best
ချင့်တွက်ဝေဖန်၊ နိုင်ငံတကာ
ဘယ်ရွာဘယ်ရပ်၊ခိုကပ်နေနေ
ကိုယ့်မြေကိုယ့်ရေ၊ ကိုယ့်ဆွေကိုယ့်မျိုး
ဝန်းကျင်မျိုးသာ၊ အကောင်းဆုံးပါ။

★ လူသည်ထို့ကြောင့်
အမှောင့်မပူး၊ စိတ်မရူးလျှင်
ထိုစိတ်ကူးသာ၊ရှိတတ်ပါ၏။

★ အမှောင့်တွေပူး၊ စိတ်တွေရူးသော်
မတော်၏လော၊ တော်၏လောဟု
စောကြောခြင်းငှာ၊ မစွမ်းသာဘူး
ဆွေဉာကိုတောင်၊ ပြောင်ပြောင်ရဲရဲ
လူပုံထဲမှာ၊ ပြန်ဆဲနိုင်က
ဂုဏ်ရှိစွဟု၊ စိတ်ကမှတ်ထင်
လုပ်ချင်တတ်တာ၊ ဓမ္မတာ။ ။

မိုးဝ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၀-၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဉာဏ်ရည်မြင့်မား မျိုးဆက်သစ်လူငယ်များ
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ဂီတသံစဉ်အလှဆင်(တင်တင်မြ)
၇း၄၀	တစ်ပတ်အတွင်း အားကစားသတင်း
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	ကရဝိက်ဥယျာဉ်ကမ္ဘာ ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀	နိုင်ငံတကာအနုပညာရေးရာ
၈း၄၅	ကြယ်စင်မောင်နှမနှင့် တွေ့ဆုံခြင်း
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၅	ကိုယ်ခန္ဓာကျန်းမာလှပဖို့ ကိုယ်ကာယကစားစို့ (မောင်မြန်မာ မြဦးမောင်နှင့် တွေ့ဆုံခြင်း)
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	မိုးလေဝသခန့်မှန်းချက်
၉း၄၀	လမ်းပြကြယ်များ
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	Yangon Panorama (ဇော်ဝင်းထွဋ်ရဲ့ မျှော်လင့်ခြင်းကမ်းခြေ)
၁၀း၂၅	မှိုအသားမျှင်တစ်သျှုး မျိုးပွားနည်း
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၁း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	ဆေးစက်များ၏ပေါင်းဆုံရာ
၁၁း၃၀	နိုင်ငံတကာသတင်း အကျဉ်း
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ မောင်လှမျိုး-ချင်းချောင်းခြံနှင့်တွေ့ဆုံခြင်း)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၁၁နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅း၀၀	ပွဲကြိုသုံးသပ်ချက်	5-Sports
၅း၃၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports (Live)
၆း၁၀	Wigan-Man: City	5-Sports (Live)
၈း၂၅	Chelsea-Portsmouth	5-Sports (Live)
	Everton-Sheffield United	5-Series (Live)
	Charlton-Watford	5-Cartoons(Live)
၁၀း၄၀	Aston Villa-Fulham	5-Series(Live)
၁၁း၀၀	Charlton-Watford	5-Sports (Live)

❊ စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၌ နှစ်ပေါင်းရှည်ကြာစွာ အမြစ်တွယ်ရှင်သန် ဖြစ်ထွန်းလာခဲ့သည့် တရားမျှတမှု၊ ကိုယ်ကျင့်တရားမြင့်မြတ်မှု၊ တည်ကြည်ဖြောင့်မတ်မှု၊ ကိုယ်ချင်းစာနာမှု၊ မေတ္တာတရားရှိမှုစသော အမွန်အမြတ်တရားများ၊ ဟီရိဩတ္တပ္ပတရားနှစ်ပါးနှင့် ဗြဟ္မစိုရ်တရားလေးပါးတို့ လွှမ်းခြုံနေသည့် မြန်မာ့ရိုးရာဓလေ့စရိုက် အစဉ်အလာများနှင့် မြင့်မြတ်သော မြန်မာ့စိတ်ရင်းကောင်းတို့သည် မြန်မာ့အနုပညာရပ်များတွင် နက်နက်ရှိုင်းရှိုင်းစိမ့်ဝင်ထုံမွှမ်းနေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပညာသည် မြန်မာလူမျိုးတို့ကို မျိုးရိုးဂုဏ်ရှိန် မြင့်မားထည်ဝါသော လူမျိုးအဖြစ် သမိုင်းစဉ်အဆင့်အတန်း၌ မြှင့်တင်ပေးလာခဲ့သည့် အစဉ်အလာကောင်းများ၊ စွမ်းရည်ကောင်းများ ရှိနေလေသည်။ ထိုအရည်အချင်းကောင်းများကို မျိုးဆက်သစ်များအား အမွေပေးရင်း စွမ်းအားထက်မြက်သည့် အနုပညာစွမ်းပကားကို တိုင်းပြည်နှင့်လူမျိုး မြှင့်တင်ရေးတွင် အစွမ်းထက်ထိရောက်စွာ အသုံးပြုရမည်ဖြစ်သည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုများ နှစ်ပရိစ္ဆေဒကြာမြင့်စွာ ပြည်ထောင်စုစနစ်ဖြင့် စုပေါင်းနေထိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပညာသည် သိမ်မွေ့နူးညံ့စည်းစနစ်ကျန၍ တိုင်းရင်းသားတို့အတူတကွ ခံစား ထိန်းသိမ်းခဲ့သော ကိုယ်ပိုင်အမြုတေရတနာဖြစ်လေသည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲများတွင် ပြည်နယ်၊တိုင်းများမှ တိုင်းရင်းသားများ ပါဝင်ဆင်နွှဲနိုင်ရန် အစီအမံများ လမ်းညွှန်ဆောင်ရွက်ပေးခဲ့သည်။ ယခုအခါ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၌ တိုင်းရင်းသားများကိုယ်တိုင် မိမိတို့၏ တိုင်းရင်းသားဝတ်စုံများ ဆင်မြန်း၍ ပါဝင် ဆင်နွှဲနေကြပုံကိုမျက်စိပသာဒဖြစ်ဖွယ် ရင်တွင်းထာဝရငြိတွယ်စွာ မြင်တွေ့ ခံစားကြရပေသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ခိုင်မာသော မြန်မာ့ယဉ်ကျေးမှုမှတ်တိုင်များအဖြစ် ဆက်လက်စိုက်ထူကြရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်သြဝါဒအတိုင်း ပြည်ထောင်စုအင်အားကို အခြေခံ၍ စိုက်ထူလာခဲ့သဖြင့် ထိုယဉ်ကျေးမှုမှတ်တိုင်များသည် အနောက်လေပြင်း၏ဒဏ်ကို ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နိုင်လျက်ရှိနေပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဝေဿန္တရာဇာတ်တော်ကြီးပြိုင်ပွဲ ပဥ္စမနေ့ (နောက်ဆုံးနေ့)ဆက်လက်ကျင်းပ မကွေးတိုင်းကိုယ်စားပြု ဦးကျော်စိုးမင်းနှင့်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၂၀

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝေဿန္တရာဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် နေပြည်တော်ရှိ ရေဆင်း မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ ပဥ္စမနေ့ (နောက်ဆုံးနေ့)အဖြစ် ယှဉ်ပြိုင်ကြရာ မကွေးတိုင်းကိုယ်စားပြု ဦးကျော်စိုးမင်းနှင့်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်သည်။

အဆိုပါ ဝေဿန္တရာဇာတ်တော်ကြီး ယှဉ်ပြိုင်တင်ဆက်ရာသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဇနီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင် ဦးစိုးဦး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်သို့ လေ့လာရန်ရောက်ရှိနေသော တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ပျဉ်းမနား ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာများမှ ဒေသခံပြည်သူများ၊ ရေဆင်းတက္ကသိုလ် နယ်မြေရှိ ဝန်ထမ်းများနှင့် မိသားစုများ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေး ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲတွင် ပြိုင်ပွဲ အကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သွင်၊ အတွင်းရေးမှူး ဦးတင်ထွန်းဦးနှင့်အဖွဲ့က အမှတ်ပေးအကဲဖြတ်ကြသည်။

အဆိုပါပြိုင်ပွဲ၌ ဝေဿန္တရာမင်းကြီး အဖြစ် ဦးကျော်စိုးမင်း၊ မဒ္ဒီဒေဝီအဖြစ် ယဉ်ယဉ်မြင့် (ခ)ရွှေစန်း၊ ဇူဇကာ ပုဏ္ဏားအဖြစ် ဦးစိုးကြီး၊ ဇာလီအဖြစ် မောင်မြင့်မြတ်အောင်၊ ကဏှာဇိန်အဖြစ် မငဝါစိုး၊ သိဥ္စည်းမင်းကြီးအဖြစ် ရွှေမြိုင်တင်ဝင်း၊ ဖုဿတိမိဖုရားအဖြစ် ဒေါ်ချိုမာလွင်တို့က စိန်ငွေးဝင်းဆိုင်း အဖွဲ့နှင့် တွဲဖက်၍ ယှဉ်ပြိုင်ဖျော်ဖြေ တင်ဆက်ကြသည်။

အောက်တိုဘာ ၂၁ ရက်တွင် စစ်ကိုင်း တိုင်းကိုယ်စားပြု ဇေယျာသီရိ ရုပ်စုံ သဘင်အဖွဲ့ ဖျော်ဖြေတင်ဆက်မည်ဖြစ် ပြီး မည်သူမဆို အခမဲ့ လာရောက် ကြည့်ရှုနိုင်ကြောင်းနှင့် လာရောက် ကြည့်ရှုအားပေးကြသော ပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် သက်ဆိုင်ရာက မော်တော်ယာဉ်များ စီစဉ်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဝေဿန္တရာဇာတ်တော်ကြီးပြိုင်ပွဲတွင် မကွေးတိုင်း ကိုယ်စားပြု ဦးကျော်စိုးမင်းနှင့်အဖွဲ့ ပါဝင်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး (ကိုယ်စား) အဖွဲ့ဝင် စာရေးဆရာမ မစန္ဒာက စာအုပ်များ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက စာအုပ်များလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကြီးမှူးကျင်းပသော စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ဆင်ထုံးကျေးရွာအုပ်စု ကြိမ်ပင်ဆည်စံပြကျေးရွာရှိ အလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာန ကြီးအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးရာဌာနအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီး ဌာနကြီးမှူးကိုယ်စား အဖွဲ့ဝင် စာရေးဆရာမ မစန္ဒာက စာအုပ်များ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးက သုတ၊ ရသ စာအုပ်မျိုးစုံ ၁၅၀၀၊ ညောင်တုန်းမြို့နယ် အမျိုးသမီး ရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းတို့က စာအုပ် ၁၀၀စီ၊ ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မအူပင်ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ ပန်းတနော် အမျိုးသမီးရေးရာအဖွဲ့တို့က စာအုပ် ၅၀ စီနှင့် ကျန်အလှူရှင်များက စုစုပေါင်း စာအုပ် ၂၁၄၀ ကို ပေးအပ်လှူဒါန်းကြရာ ကြိမ်ပင်ဆည် စံပြကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်သိန်းက လက်ခံသည်။

ဆက်လက်၍ စာကြည့်တိုက် အတွက် အလှူငွေများကို ပေးအပ် လှူဒါန်းကြရာ ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ ကြိမ်ပင်ဆည် စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် ဆင်ထုံးကျေးရွာအုပ်စု ရပ်မိရပ်ဖများက ငွေကျပ် ၅၀၀၀၀စီ၊ မအူပင်ခရိုင် အမျိုးသမီးရေးရာ အဖွဲ့က ငွေကျပ် ၂၀၀၀၀၊ ညောင်တုန်းမြို့နယ်၊ မအူပင်မြို့နယ်၊ ဓနုဖြူမြို့နယ်နှင့် ပန်းတနော်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့တို့က ငွေကျပ် ၁၀၀၀၀ စီ စုစုပေါင်း ငွေကျပ် ၂၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ကြိမ်ပင်ဆည် စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးရေသာ နှင့် တာဝန်ရှိသူများက လက်ခံကြ သည်။

ထို့နောက် ကျေးရွာစာကြည့်တိုက် ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော် သိန်းက ကျေးဇူးတင်စကား ပြောကြား ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြား ရေးရာဌာနကြီး အဖွဲ့ဝင်များသည် စာကြည့်တိုက်အတွင်း လှည့်လည် ကြည့်ရှုကြသည်။ (သတင်းစဉ်)

မိသားစုပျော်ပွဲ

★ မမက ‘ဆို’၊ ကိုကိုက ‘က’

ညီမလေး ‘ရေး’၊ မောင်လေးက ‘တီး’

ရှုမငြီးသည့်၊ ပွဲကြီးသဘင်

ကျင်းပဆင်နွဲ၊ ဥယျာဉ်ထဲက

မခွဲမခြား၊ သွေးချင်းများနှင့်

မိသားစု၏ ပျော်ပွဲကလေး။ ။

ရန်နိုင်ဦး

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ရောက်ရှိနေကြသော ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသားညီနောင်များသည် မမက ‘ဆို’ ကိုကိုက ‘က’ ကိုကိုက ‘တီး’ ညီမလေးက ’က’ အတိုင်အဖောက်ညီစွာဖြင့် မိသားစု ပျော်ပွဲရွှင်ပွဲလေးသဖွယ် တွေ့ရှိရစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံရေးပိုင်းတိုးတက်မှုမှာ အခြေခံအကျဆုံး၊ အဓိကအကျဆုံးဖြစ်သည်ကို
ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် သွေးရင်းသားရင်းပီပီ ရေကိုသား၍ အကြားမထင်သည့် စည်းလုံးညီ

* ရွှေဖုံးမှ

နိုင်ငံတော်၏ အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးနိုင်မှုများ၊ ဒေသဝမ်းစာ ဖူလုံ ပိုလျှံမှုနှင့် စားသုံးဆီ ဖူလုံမှုအခြေအနေများ၊ ရတနာတန်းဝင် ကျွန်းစိုက်ပျိုးမှုများ၊ ခြံစည်းရိုးကြက်ဆူ၊ ရော်ဘာ၊ ကြံ၊ တညင်း၊ ထောပတ် စသည့် နှစ်ရှည်သီးနှံ စိုက်ပျိုးမှုများ၊ ဆည်တမံများ၏အခြေအနေများ၊ ပြည်နယ်၏ အသားငါးထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးဆိုင်ရာအခြေအနေများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှုနှင့် ရေအားလျှပ်စစ်စီမံကိန်းများ၊ လမ်း၊ တံတား တည်ဆောက်ရေးဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်နိုင်မည့်နေရာများ စူးစမ်းလေ့လာဖော်ထုတ်ရေး၊ လမ်းတံတား လုပ်ငန်းအခြေအနေများကို သက်ဆိုင်ရာဌာနအလိုက် ပြည်နယ်တာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ကချင်ပြည်နယ်အတွင်း စာတိုက်များ၊ ကြေးနန်းရုံးများက ပြည်သူများအတွက် ဝန်ဆောင်မှု ပေးနေသည့် အခြေအနေများ၊ မြစ်ကြီးနားမြို့၌ Mobile ဖုန်းစနစ်မြှင့်တင်ပေးမည့် အစီအမံများ၊ ကချင်ပြည်နယ်အတွင်းရှိ သွားလာမှုခက်ခဲသော ဝေးလံသည့်ဒေသများ၌ တယ်လီဖုန်း ဆက်သွယ်မှု လွယ်ကူစေရေးအတွက် စီမံဆောင်ရွက်ပေးထားမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ကချင်ပြည်နယ်အတွင်းရှိ နယ်စပ်ဒေသများအပါအဝင် ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မိမိတို့ဒေသအတွင်း၌ပင် လွယ်လင့်တကူ အဆင့်မြင့်နည်းပညာများကို သင်ကြားတတ်မြောက်နိုင်ရေးအတွက် မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ် တည်ဆောက်ဖွင့်လှစ်ခဲ့မှု၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်တို့မှ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို နည်းလမ်းမှန်ကန်စွာဖြင့် လုပ်ငန်းရှင်များ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ယင်းကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၌ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဝင်ရောက်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းက ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် စာတတ်ရေးအတွက် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေခံပညာရေးအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင် ကချင်ပြည်နယ်သည် မြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝသော ဒေသတစ်ခုဖြစ်ကြောင်း၊ ယင်းရေမြေသယံဇာတများကို တန်ဖိုးမြှင့်တင်အသုံးချနိုင်ပြီး လမ်းပန်းဆက်သွယ်မှုကလည်း တိုးတက်ကောင်းမွန်၊ ရပ်ရွာဒေသကလည်း တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု ခိုင်မာနေပါက ကချင်ပြည်နယ်သည် အရှိန်အဟုန်ရှိရှိ ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မန္တလေး-မြစ်ကြီးနားရထားလမ်းကို တိုးတက်ကောင်းမွန်အောင် ပြုပြင်လုပ်ကိုင်နေသကဲ့သို့ ရွှေဘို-မြစ်ကြီးနား ကားလမ်းကို ဧရာဝတီမြစ်၏အနောက်ဘက်ခြမ်း၌ လည်းကောင်း၊ တကောင်း-ရွှေကူ-ဗန်းမော် ကားလမ်းကို ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်း၌လည်းကောင်း၊

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကချင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးထံ ဆေးပစ္စည်းများ ပေးအပ်စဉ်။
(သတင်းစဉ်)

ကချင်ပြည်နယ်၏ ကုန်းလမ်းထွက်ပေါက်မဟာဗျူဟာကျသည့် လမ်းများအဖြစ် ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အတူ မြစ်ကြီးနားလေဆိပ်၊ ဗန်းမော်လေဆိပ်၊ ပူတာအိုလေဆိပ်တို့ကိုလည်း အဆင့်မြှင့် တိုးချဲ့တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ယင်းလမ်းပန်းဆက်သွယ်မှုအခြေခံကောင်းများက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးမှာဖြစ်ကြောင်း။

ထို့အပြင် ကချင်ပြည်နယ်၌ မြစ်ကြီးနားနှင့် ဗန်းမော်ဒေသတို့ကို ဖွံ့ဖြိုးရေးဒေသများအဖြစ် သတ်မှတ်၍ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေးတို့ကို အလေးထား ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လူဦးရေများပြားပြီး အချက်အချာကျသော မိုးညှင်းဒေသ၌လည်း အလားတူ လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေးဌာနများကို တိုးချဲ့ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း။

ယနေ့ကမ္ဘာ့နိုင်ငံများကို လေ့လာကြည့်ပါက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများက ရှေ့တန်းရောက်ရှိလျက်ရှိရာ တိုင်းပြည်ကို မရှိပါက အရှည်တည်တံ့လာမှာ မဟုတ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ထိန်းသိမ်းနိုင်သည့် ပညာရည်စွမ်းအားရှိသော လူ့အရင်းအမြစ်များ ခိုင်ခိုင်မာမာရှိရန် လိုအပ်ကြောင်း။

ယနေ့ ကချင်ပြည်နယ်၏အခြေအနေသည် အကြမ်းဖျင်းအားဖြင့် နှစ်စဉ် ၁၀ ရာခိုင်နှုန်းကျော်နှုန်းဖြင့် စီးပွားရေးတိုးတက်လျက်ရှိကြောင်း၊ လူတစ်ဦးချင်း ပျမ်းမျှဝင်ငွေကိုကြည့်ပါက ပြီးခဲ့သည့်နှစ်၌ ငွေကျပ် ၃၈၀၀၀၀ ခန့်ရှိနေသည်ဟု အကြမ်းဖျင်း လေ့လာတွေ့ရှိရကြောင်း။

ဆန်မလုံလောက်ခဲ့သည့် ကချင်ပြည်နယ်သည် ၁၉၉၈-၁၉၉၉ခုနှစ်တွင် ဒေသဆန် စတင်ဖူလုံလာခဲ့ရာ ယခုဆိုလျှင် ဆန်စပါး ဖူလုံပိုလျှံသော ပြည်နယ်အဖြစ် ရပ်တည်ခဲ့သည်မှာ ရှစ်နှစ်ကျော်ရှိနေပြီဖြစ်ကြောင်း၊ နှစ်စဉ် စပါးစိုက်ဧကမှာလည်း ယခင်က နှစ်သိန်းခွဲကျော်ရှိရာမှ ယခုအခါ ငါးသိန်းကျော်အထိ ရှိနေပြီဖြစ်ကြောင်း။

စပါးစိုက်၍ရသည့် မြေအမျိုးအစားများစွာကျန်ရှိနေသေးရာ စပါးတိုးချဲ့စိုက်ပျိုးရမှာဖြစ်သကဲ့သို့ ဝင်ငွေကောင်းသည့် ရော်ဘာကိုလည်း တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ ထို့ပြင် ကြံကဲ့သို့သော အမယ်သစ်သီးနှံများကိုလည်းကောင်း၊ ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်သည့် ကြက်ဆူပင်များကိုလည်းကောင်း စီးပွားဖြစ် စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း။

ရရှိပြီးသော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြို
စောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပိုမို
အတွက် ပြည်နယ်ရှိ ဦးစီးဦးဆောင်တာဝန်ခံ
တပ်မတော်သားများသည် ဒေသခံ တိုင်းရင်းသ
အတူ တစ်သားတည်း၊ တစည်းတလုံးတည်း ပူ
များကို ဟန်ချက်မိမိ အားထုတ်လုပ်ကိုင်ကြရ

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည
တိုးတက်မှုမှာ အခြေခံအကျဆုံး၊ အဓိကအ
နားလည်ခံယူထားကြရမှာဖြစ်၊ ပြည်ထောင်စု
အားလုံးသည် တစ်အူထုံ့ဆင်း သွေးရင်းသား
သား၍ အကြားမထင်သည့် စည်းလုံးညီညွတ်မှ

**ပြည်သူများ ဝင်ငွေတိုးတက်ပြီး လူနေ
မိမိတို့က ဘက်စုံမှစဉ်းစားပြီး ပံ့ပိုးအ
ဝန်ထမ်းများ၏ အဓိကတာဝန်ဖြစ်ကြော
ကြောင့်ကြမှုမရှိဘဲ စိတ်ချလုံခြုံစွာ မိမ
လုပ်ငန်းများကို လုပ်နိုင်ရန်အတွက် စော
နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို
လိုအပ်ကြောင်း။**

**နိုင်ငံ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းထား
အဖွဲ့များသည် နယ်မြေဒေသအဆင့်အလိုက
လူမှုရေးတို့၌ ညှိနှိုင်းပေါင်းစပ်မှု၊ အ
ကူညီစောင့်ရှောက်မှုတို့ဖြင့် နိုင်ငံတော်၏
အောင်၊ တိုးတက်သည်ထက်တိုးတက်အေ
ဖြစ်ကြောင်း။**

**အုပ်ချုပ်ရေးအဖွဲ့များအပိုင်းက ပြည
ပြုကျင့်မှု၊ အရှိန်ဩဇာအာဏာပြမှု၊ မထိမဲ့မြ
ကောက်ခံမှုတို့ကို ပြုလုပ်မိပါက သက်
နိုင်ငံတော်အစိုးရ၏ မှန်ကန်ဖြူစင်သော
ထိခိုက်သွားနိုင်သည်ကို အလေးအနက်**

ယခုအခါ နိုင်ငံတော်က အချို့သော
ပြောင်းလဲ ပြင်ဆင်မှုများပြုလုပ်နေသကဲ
သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ
ကောင်စီ၊ ခရိုင်အေးချမ်းသာယာရေးနှင့
တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး
ပြင်ဆင်ပြောင်းလဲ ဖွဲ့စည်းတာဝန်ပေးလု

မှာကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနား လေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ တိုင်းမှူး၊ ပို့ဆောင်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများအား မှာကြားစဉ်။
(သတင်းစဉ်)

တွေ့ဆုံမှာ

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့
ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြစ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး
မြို့နယ် အသင်းများမှ အတွင်းရေးမှ
အသင်းဝင်များအား တွေ့ဆုံမှာကြားစ**

တိုးတက်ချမ်းသာအောင်၊ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ရေရှည် ရှင်သန်ရပ်တည်နိုင်အောင် တည်ဆောက်ထိန်းသိမ်းနိုင်မည့် စွမ်းရည်ရှိသော ပညာတတ်လူ့အရင်းအမြစ်များ လုံလုံလောက်လောက်ရှိနေရန် အမှန်လိုအပ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေး၏အခြေခံသည် နိုင်ငံတော်**နှင့် ဒေသကို အကျိုးပြုနိုင်သည့် တတ်သိကျွမ်းကျင်သော လူ့အရင်းအမြစ်များ** တိုးပွားရေးပင်ဖြစ်ကြောင်း၊ တတ်သိနားလည်သော ပညာတတ်များမရှိဘဲ တိုင်းပြည်ကိုရော၊ ဒေသကိုပါ တည်ဆောက်၍မရနိုင်ကြောင်း။

ထို့ကြောင့် ကချင်ပြည်နယ်၌ မြစ်ကြီးနား၊ ဗန်းမော်နှင့် မိုးညှင်းဒေသတို့၌ အဆင့်မြင့်ပညာ တိုးချဲ့သင်ကြားနိုင်အောင် စီမံထားပြီး ဒေသအလိုက် ပညာတတ်များကို မွေးထုတ်နေခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီဆိုပြီး ဒီမိုကရေစီနိုင်ငံတော်အမည်ခံရုံမျှဖြင့် တိုင်းပြည်သည် အလိုအလျောက် ဖွံ့ဖြိုးသွားမှာမဟုတ်သကဲ့သို့ ထိုထူထောင်လိုက်သည့် ဒီမိုကရေစီနိုင်ငံတော်သည်လည်း တည်ဆောက်သူ၊ ထိန်းသိမ်းစောင့်ရှောက်နိုင်သူ

အကျဆုံးဖြစ်သည်ကို နားလည်ခံယူ
င်သည့် စည်းလုံးညီညွတ်မှုရှိရမည်

ာ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတို့ကို ထိန်းသိမ်း
န်နှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပိုမိုဖော်ဆောင်ရန်တို့
ယ်ရှိ ဦးစီးဦးဆောင်တာဝန်ခံများ၊ ဝန်ထမ်းများ၊
းများသည် ဒေသခံ တိုင်းရင်းသားပြည်သူများနှင့်
တည်း၊ တစည်းတလုံးတည်း ပူးပေါင်း၍ လုပ်ငန်း
မိမိ အားထုတ်လုပ်ကိုင်ကြရန် အရေးကြီး။
ား စည်းလုံးညီညွတ်ရေးသည် နိုင်ငံရေးပိုင်း
အခြေခံအကျဆုံး၊ အဓိကအကျဆုံးဖြစ်သည်ကို
ားကြရမှာဖြစ်၊ ပြည်ထောင်စုဖွား တိုင်းရင်းသား
ာစ်အူထုံ့ဆင်း သွေးရင်းသားရင်းများပီပီ ရေကို
မထင်သည့် စည်းလုံးညီညွတ်မှုရှိနေရမှာဖြစ်။

ပြည်သူများ ဝင်ငွေတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာအောင် မိမိတို့က ဘက်စုံမှစဉ်းစားပြီး ပံ့ပိုးအထောက်အကူပြုနိုင်ရေးသည် နိုင်ငံ့ဝန်ထမ်းများ၏ အဓိကတာဝန်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ စိတ်ချလုံခြုံစွာ မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်နိုင်ရန်အတွက် စောင့်ရှောက်ပေးရာ၌ ပြည်သူများ၏ နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကိုရယူပြီး လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် နယ်မြေဒေသအဆင့်အလိုက် လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးတို့၌ ညှိနှိုင်းပေါင်းစပ်မှု၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု၊ ကူညီစောင့်ရှောက်မှုတို့ဖြင့် နိုင်ငံတော်၏ကိုယ်စား လုပ်ငန်းများကို အောင်မြင်အောင်၊ တိုးတက်သည်ထက်တိုးတက်အောင် ရှေ့ဆောင်ရှေ့ရွက် ပြုနေရမှာဖြစ်ကြောင်း။

အုပ်ချုပ်ရေးအဖွဲ့များအပိုင်းက ပြည်သူများအပေါ် ဖိစီးမှု၊ အနိုင်အထက်ပြုကျင့်မှု၊ အရှိန်ဩဇာအာဏာပြမှု၊ မထီမဲ့မြင် မလေးမစားပြုမှု၊ ရန်ပုံငွေအမျိုးမျိုးကောက်ခံမှုတို့ကို ပြုလုပ်မိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ကိုသာမက နိုင်ငံတော်အစိုးရ၏ မှန်ကန်ဖြူစင်သောစေတနာနှင့် မျှော်မှန်းချက်များကိုပင် ထိခိုက်သွားနိုင်သည်ကို အလေးအနက် သတိထားရှိရန်လိုကြောင်း။

ယခုအခါ နိုင်ငံတော်က အချို့သောဝန်ထမ်းအဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲ ပြင်ဆင်မှုများပြုလုပ်နေသကဲ့သို့ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ကိုလည်း လိုအပ်သလို ပြင်ဆင်ပြောင်းလဲ ဖွဲ့စည်းတာဝန်ပေးလျက်ရှိကြောင်း။

ယင်းသို့ ပြုပြင်ပြောင်းလဲရခြင်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားကို ပို၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် နောင်အနာဂတ်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အုပ်ချုပ်ရေးပုံစံကို မျှော်မှန်း၍ ကြိုတင်လေ့ကျင့်ပြင်ဆင်ထားရန်တို့အတွက်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုအရည်အသွေးကို အဆင့်မြှင့်တင်ခြင်းလည်းဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူများကလည်း အုပ်ချုပ်ရေးယန္တရား ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးမှုအပေါ် မှန်မှန်ကန်ကန်ရှုမြင်သုံးသပ်ပြီး ပူးပေါင်းစောင့်ရှောက်ကြရန် အရေးကြီးကြောင်း၊ သို့မှသာ ပြည်သူနှင့် ပြည်သူ့ဝန်ထမ်း အပြန်အလှန်စောင့်ရှောက်၊ အပြန်အလှန်ထိန်းကျောင်းနိုင်ပြီး ထက်မြက်သော အုပ်ချုပ်ရေးယန္တရား ပေါ်ထွက်လာမှာဖြစ်ကြောင်း။

ယနေ့ ကချင်ပြည်နယ်သည် လက်နက်ကိုင်သောင်းကျန်းမှုများရှိနေသည့် မတည်ငြိမ်သောပြည်နယ်မဟုတ်တော့ကြောင်း၊ သက်ဆိုင်ရာ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များကလည်း နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြရာ ပြည်နယ်တစ်ခုလုံး ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးမှု၏အရသာကို လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ကို သိရှိနားလည်နေကြပြီဖြစ်ကြောင်း။

ထို့ကြောင့် **ရရှိပြီးသော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပိုမိုဖော်ဆောင်ရန်တို့အတွက် ပြည်နယ်ရှိ ဦးစီးဦးဆောင် တာဝန်ခံများ၊ ဝန်ထမ်းများ၊ တပ်မတော်သားများသည် ဒေသခံ တိုင်းရင်းသားပြည်သူများနှင့်အတူ တစ်သားတည်း၊ တစည်းတလုံးတည်း ပူးပေါင်း၍ လုပ်ငန်းများကို ဟန်ချက်မိမိ အားထုတ်လုပ်ကိုင်ကြရန် အရေးကြီးကြောင်း။**

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် နိုင်ငံရေးပိုင်း တိုးတက်မှုမှာ အခြေခံအကျဆုံး၊ အဓိကအကျဆုံးဖြစ်သည်ကို နားလည်ခံယူထားကြရမှာဖြစ်ကြောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် တစ်အူထုံ့ဆင်း သွေးရင်းသားရင်းများပီပီ ရေကိုသား၍ အကြားမထင်သည့် စည်းလုံးညီညွတ်မှု ရှိနေရမှာဖြစ်ကြောင်း။

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးဖွံ့ဖြိုးမှုသာ ပြည်ထောင်စုကြီးတစ်ရပ်လုံး တောင့်တင်းခိုင်မာဖွံ့ဖြိုးမှာဖြစ်ရာ ကချင်ပြည်နယ်သည် မိမိ၏ ပေါကြွယ်ဝသော မြေသယံဇာတနှင့် ရေသယံဇာတများကို ထိထိရောက်ရောက် အသုံးချပြီး ဒေသစီးပွားရေး တောင့်တင်းခိုင်မာလာအောင် ကြိုးစားသွားကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် အမျိုးသားညီလာခံကိုထောက်ခံသောအားဖြင့် ကချင်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသများ မီးလင်းရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု လီမိတက်တို့က ငွေကျပ် ၇၅သိန်းစီကို တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သို့ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဆောက်လုပ်ရန် ဂရင်းလိုက်ကုမ္ပဏီဥက္ကဋ္ဌ ဦးရုံးမှုနှင့် ရောပြည့်ဖြိုး ကျောက်မျက်ရတနာကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမန်းရွှေတို့က ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျုံးအား အလှူငွေများ အသီးသီး ပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်က ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးအား ဆေးပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အသင်းဝတ်စုံများကို ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားလေဆိပ်သို့ ရောက်ရှိကြရာ ဧည့်ခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မြစ်ကြီးနားလေဆိပ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးထွန်းလှိုင်က မြစ်ကြီးနားလေဆိပ်နှင့် ဗန်းမော်လေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး မြစ်ကြီးနားလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီးနားမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

ခရီးစဉ်တွင်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အောက်တိုဘာ ၁၈ ရက် နံနက် ၆ နာရီခွဲတွင် မြစ်ကြီးနားမြို့ တပ်နယ်ခန်းမ၌ မြစ်ကြီးနားတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား မှာကြားနှုတ်ဆက်သည်။

အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် အောက်တိုဘာ ၁၇ ရက် ညပိုင်းတွင် မြစ်ကြီးနားမြို့ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသင်းများမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားသည်။

ထို့အတူ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် အောက်တိုဘာ ၁၇ ရက် ညနေပိုင်းတွင် မြစ်ကြီးနားမြို့၌ ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွား လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာများ မှာကြားသည်။ (သတင်းစဉ်)

တွေ့ဆုံမှာကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြစ်ကြီးနားမြို့ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အသင်းများမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)



(၈၆)နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေးဗဟိုကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

၂၀၀၆ခုနှစ် (၈၆)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားနေ့ ကျင်းပရေးဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ၂၀၀၅ခုနှစ် (၈၅)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကျင်းပပြီးစီးမှု အစီရင်ခံစာကို ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်က လည်းကောင်း၊ ၂၀၀၆ ခုနှစ် (၈၆)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနား ကျင်းပရေးစီမံချက်ကို ဗဟိုကော်မတီ အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဗဟိုကော်မတီဝင်များက ကျင်းပရေးစီမံချက်ပါ လုပ်ငန်းရပ်များကို ဆွေးနွေးတင်ပြ ညှိနှိုင်းကြသည်။

ယင်းနောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ၂၀၀၆ ခုနှစ် (၈၆)နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● ၂၀၀၆ခုနှစ်မှ

၂၀၀၆ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ယနေ့တွင် ပြည်ပမှ ရတနာကုန်သည်များသည် ပုလဲအတွဲများ တင်ဒါစနစ်ဖြင့် ရောင်းချမှု အဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများထဲသို့ ထည့်သွင်းကြပြီး အောက်တိုဘာ ၂၁ ရက်တွင် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ဆက်လက်ရောင်းချသွားမည်

အောက်တိုဘာ ၂၂ ရက်တွင် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

အောက်တိုဘာ ၂၃ရက်မှ အောက်တိုဘာ ၂၉ရက်အထိမရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၀-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အကပြိုင်ပွဲ
၈:၀၀ ၆။ တေးဂီတအစီအစဉ်
၈:၂၀ ၇။ အဆိုပြိုင်ပွဲ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁:၀၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆည်းဆာ" (အပိုင်း-၂၁) (ဇာတ်သိမ်း)**
၁:၄၅ ၇။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁:၅၀ ၈။ **"ပန်းပွင့်ပုံပြင်" (ညီထက်နိုင်၊ မင်းညီ၊ ဆုပန်ထွာ၊ အိအိသန့်) (ဒါရိုက်တာ-သက်တင်)**
၂:၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂:၄၀ ၁၀။ **"မမြင်ကွယ်ရာ" (မောင်မောင်မျိုးသန့်၊ မတူး၊ မောင်မောင်မြင့်) (ဒါရိုက်တာ-မိုးဟိန်း-မန်းတက္ကသိုလ်)**
၂:၄၅ ၁၁။ International News.
၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ အဆိုပြိုင်ပွဲ
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၀၅ ၆။ တေးဂီတအစီအစဉ်
၅:၁၅ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၅:၂၅ ၈။ မြင်းခြံနုနုလွင် ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း
၅:၄၀ ၉။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ" (လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္ဇလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဂွမ်းပုံ)**
၅:၅၀ ၁၀။ တေးဂီတအစီအစဉ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
၇:၀၀ ၁၄။ Discovery
၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ယောမန်ဆောင်းရဲ့ နေ့ရက်များ" (အပိုင်း-၁၇)**
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာပန်းတိုင်" (အပိုင်း-၂၉)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

❀ (၁၄)ကြိမ်မြောက်မှ

စုဝေးခန်းမ၌ လည်းကောင်း၊ စန္ဒရားအတီးပြိုင်ပွဲကို သစ်တောသုတေသနဌာန၌ လည်းကောင်း၊ ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ လည်းကောင်း ကျင်းပကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ရောက်ရှိနေကြသော ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များအား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

နားသောတဆင်

ယနေ့ ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နေပြည်တော်သို့ လေ့လာရေး ရောက်ရှိနေကြသော တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော်အနီးဝန်းကျင်ရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာများမှ ပြည်သူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ လာရောက်ကြည့်ရှုအားပေး နားသောတဆင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲ ယှဉ်ပြိုင်မှုကို ပြန်ကြားရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် စိတ်ပါဝင်စားသူများ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

အကဲဖြတ်အမှတ်ပေး

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မဟာဂီတအဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး အနုပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးကျော်ဆွေ၊ တွဲဖက်အတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် မဟာဂီတ အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

သီဆိုပြိုင်ပွဲဝင်

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲကို ကျင်းပရာ "ဘုန်းထူးဝေဆာ" (သီချင်းခံ)ဖြင့် ရန်ကုန်တိုင်းမှ ဦးတင်ဦးလှိုင်၊ ရှမ်းပြည်နယ်မှ ဦးစိုင်းညိုမင်း၊ ရန်ကုန်တိုင်းမှ ဦးစောဝင်း၊ မန္တလေးတိုင်းမှ ဦးပြေဌေး၊ တနင်္သာရီတိုင်းမှ ဦးပြည့်ဖြိုးလင်း၊ ရခိုင်ပြည်နယ်မှ ဦးဇော်မင်းလတ်၊ မွန်ပြည်နယ်မှ ဦးကြည်မြင့်၊ ကရင်ပြည်နယ်မှ ဦးအေးလွင်၊ မန္တလေးတိုင်းမှ ဦးမြသိန်း၊ စစ်ကိုင်းတိုင်းမှ ဦးညွန့်မောင်၊ ပဲခူးတိုင်းမှ ဦးနေအောင်၊ ဧရာဝတီတိုင်းမှ မောင်သန့်ဇော်ကိုတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

အဆိုပြိုင်ပွဲ

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "သပြေသောင်းလုံး" (ဘွဲ့) သီချင်းဖြင့် မန္တလေးတိုင်းမှ မနန္ဒာလင်း၊ ရန်ကုန်တိုင်းမှ မစပယ်ဖြူသိန်း(ခ) ဖြူစင်သူ၊ ကချင်ပြည်နယ်မှ မဆွတ်ဆိုင်းရိန်၊ စစ်ကိုင်းတိုင်းမှ မစုစုလှိုင်၊ ရခိုင်ပြည်နယ်မှ မဦးခင်သိန်း၊ ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ တနင်္သာရီတိုင်းမှ မချယ်ရီဝေ၊ မန္တလေးတိုင်းမှ မအေးမိစံ၊ ရှမ်းပြည်နယ်မှ မမေသက်နွယ်နှင့် မွန်ပြည်နယ်မှ မအေးမြသီတာတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ခေတ်ဟောင်းကာလပေါ်တေးအဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ဆက်လက်ကျင်းပရာအဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်ထောက် ညွှန်ကြားရေးမှူး(ဂီတ) (အငြိမ်းစား) တေးသံရှင် ဒေါ်တင်တင်မြ၊ တွဲဖက်အတွင်းရေးမှူး အနုပညာရှင်(၁) ဒေါ်တင်မေသက်(ခ)တေးသံရှင် မေဘရဏီခိုင်နှင့် ခေတ်ဟောင်း ကာလပေါ်တေး အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ခေတ်ဟောင်းကာလပေါ်တေးအဆိုပြိုင်ပွဲကို ကျင်းပရာ နန်းတော်ရှေ့ဆရာတင် ရေးစပ်သီကုံးပြီး ကိုအံ့ကြီး သီဆိုသည့် "ရွှေမင်းဂံ" သီချင်းဖြင့် တနင်္သာရီတိုင်းမှ မောင်ဒီရဲလင်း၊ မွန်ပြည်နယ်မှ မောင်ရဲမင်းစိုး၊ မန္တလေးတိုင်းမှ မောင်ရာဇာတင်အေး၊ ပဲခူးတိုင်းမှ မောင်တေဇာအောင်၊ ရန်ကုန်တိုင်းမှ မောင်အောင်ကျော်မျိုး၊ ဧရာဝတီတိုင်းမှ မောင်အောင်ကိုသက်၊ ရခိုင်ပြည်နယ်မှ မောင်ဇော်ဇော်အောင်၊ ကချင်ပြည်နယ်မှ မောင်ကျော်သူ၊ ရန်ကုန်တိုင်းမှ မောင်ဇေယျာပြည့်ဖြိုး၊ မန္တလေးတိုင်းမှ မောင်နေဇင်လတ်၊ ချင်းပြည်နယ်မှ မောင်ရဲဝင့်အောင်၊ ကရင်ပြည်နယ်မှ မောင်ဇင်မင်းအောင်၊ ကယားပြည်နယ်မှ မောင်ပြည့်ဖြိုးဟိန်းနှင့် စစ်ကိုင်းတိုင်းမှ မောင်ချစ်မောင်ထွေးတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၅–၁၀)နှစ် (အမျိုးသမီး) ခေတ်ဟောင်း ကာလပေါ်တေး အဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ လင်းခေးလုလင် ရေးစပ်သီကုံးပြီး တေးသံရှင် တင်တင်မြ သီဆိုသည့် "ဂေါတမမြတ်ဘုရားဂုဏ်" သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ မမြတ်ကေခိုင်၊ ပဲခူးတိုင်းမှ မအိန္ဒြေဖူးငုံ၊ ရှမ်းပြည်နယ်မှ မစန်းနီလာငြိမ်း၊ တနင်္သာရီတိုင်းမှ မနော်သီတာခိုင်၊ မန္တလေးတိုင်းမှ မနှင်းထက်ထက်လွင်၊ မကွေးတိုင်းမှ မဇီဇဝါမိုး၊ ရန်ကုန်တိုင်းမှ မအင်ကြင်းဖြူ၊ ရခိုင်ပြည်နယ်မှ မအေးစိုးသိန်း၊ ဧရာဝတီတိုင်းမှ မစုသက်ပိုင်၊ မွန်ပြည်နယ်မှ မမေသဇင်၊ မန္တလေးတိုင်းမှ မကြည်စင်သန့်၊ ကချင်ပြည်နယ်မှ မသက်ထားဖူး၊ ကရင်ပြည်နယ်မှ မအေးချမ်းမွန်၊ ရန်ကုန်တိုင်းမှ မမြတ်အင်ကြင်းနှင့် ချင်းပြည်နယ်မှ မဗန်ရွှေမွေးတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး အဆိုပြိုင်ပွဲအစီအစဉ်များကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အောင်မြင်စွာကျင်းပပြီးစီး

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲအစီအစဉ်များ ယနေ့တွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) အကပြိုင်ပွဲကို နံနက် ၉နာရီတွင် ရေဆင်းမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ခန်းမဆောင်၌ကျင်းပရာ အက အကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) သဘင်ဌာနမှ ပါမောက္ခ ဒေါ်နုနုခင်နှင့် အကဲဖြတ်အဖွဲ့ဝင် သဘင်နှင့်ဂီတပညာရှင်ကြီးများက အကဲဖြတ် အမှတ်ပေးကြသည်။

အကပြိုင်ပွဲ

ယနေ့ ကျင်းပသည့် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) အကပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မောင်အောင်ဆန်းထူး၊ ဧရာဝတီတိုင်းမှ မောင်မင်းဇော်လတ်၊ ရန်ကုန်တိုင်းမှ မောင်ဇေယျာလင်း၊ မွန်ပြည်နယ်မှ မောင်မြင့်ဦး၊ ကရင်ပြည်နယ်မှ စောမြလင်းစိုးနှင့် မောင်ပြည့်စုံ၊ မန္တလေးတိုင်းမှ မောင်လှဌေးကျော်၊ ရန်ကုန်တိုင်းမှ မောင်ဉာဏ်လင်းမောင်၊ ဧရာဝတီတိုင်းမှ မောင်ဇေယျာအောင်၊ ကချင်ပြည်နယ်မှ မောင်ချစ်လင်း၊ ရခိုင်ပြည်နယ်မှ မောင်ရင်မွန်၊ မန္တလေးတိုင်းမှ မောင်နေလင်းထက်၊ ရှမ်းပြည်နယ်မှ မောင်ကျော်သန်းဦးနှင့် စစ်ကိုင်းတိုင်းမှ မောင်နိုင်လင်းဦးတို့ ပါဝင်ယှဉ်ပြိုင် ကပြကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အိုးစည်နှင့်ဒိုးပတ် အကဲဖြတ်အမှတ်ပေး အဖွဲ့ခေါင်းဆောင် ဦးစိန်ကုလား(ခ)ဦးအောင်ဝမ်းတူး၊ အနုပညာဦးစီးဌာနမှ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်နွယ်နွယ်စိုးနှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ဒိုးပတ်အတီးပြိုင်ပွဲ

ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ ဦးထက်ကိုကိုနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးအောင်အောင်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးအုန်းငွေနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးလှိုင်သန်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးမျိုးအောင်ဦး(ခ) မောင်မောင်ဦးနှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ ဦးစိန်ကုလားနှင့်အဖွဲ့တို့က ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၅–၁၀)နှစ် အမျိုးသား ဒိုးပတ် အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းမှ မောင်ကျော်ဇင်ဝင်းနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ဇင်မျိုးထက်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်အောင်ခိုင်ဟိန်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ကျော်စိုးဟန်နှင့်အဖွဲ့နှင့် မောင်ဖွဲ့အာကာနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်ရန်နိုင်ဝင်းနှင့်အဖွဲ့တို့က ပြိုင်ပွဲဝင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရေဆင်းသစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ အတီးအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ စန္ဒရားအတီး အကဲဖြတ်အဖွဲ့ခေါင်းဆောင် စန္ဒရားဦးနီနီနှင့်အဖွဲ့က အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲကိုကျင်းပရာ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲတွင် "မိန်ရာသီ" (ကိုအံ့ကြီး) သီချင်းဖြင့် မန္တလေးတိုင်းမှ မနေရည်အောင်၊ ဧရာဝတီတိုင်းမှ မတင်နီလာဝင်း၊ မန္တလေးတိုင်းမှ မလွင်မီထွန်းနှင့် ရန်ကုန်တိုင်းမှ မတင်ဇာအေးလွင်တို့က ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့်

ယင်းနောက် အခြေခံပညာအဆင့် အသက် (၁၅–၂၀)နှစ် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် "ထွန်းလင်းလျှံလက်" (ပတ်ပျိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ရဲကျော်ဟိန်း၊ မန္တလေးတိုင်းမှ မောင်ဖြိုးမင်းစိုး(ခ) မင်းထက်အောင်၊ ပဲခူးတိုင်းမှ မောင်ရဲရင့်ဝင်းနှင့် မန္တလေးတိုင်းမှ မောင်ဝေလွင်အောင်တို့က ပြိုင်ပွဲဝင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ အတီးအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ အတီးအကဲဖြတ် အဖွဲ့ခေါင်းဆောင် မလှိုင်ဦးသန်းထွန်းနှင့် အဖွဲ့က အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဦးစိန်ရဲအောင်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်မျိုးကိုနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မြန်မာပြည် မောင်စိုးသိန်းနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးရှိုင်းအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးမျိုးဟိန်းဦး(ခ) ဟိန်းရာဇာနှင့်အဖွဲ့၊ မကွေးတိုင်းမှ ဦးစွမ်းထက်နှင့်အဖွဲ့၊ ပဲခူးတိုင်းမှ ဦးဆန်းသစ်အောင်(ခ) ဦးမောင်မောင်ညွန့်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးမြဇော်ဗိုလ်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးအောင်မြင့်ဗိုလ်နှင့်အဖွဲ့တို့က ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

ဆိုင်းအဖွဲ့လိုက်

ဆက်လက်၍ အခြေခံပညာအဆင့် အသက် (၁၅–၂၀)နှစ် အမျိုးသား ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို ညနေ ၄နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ရဲမင်းနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်သန့်ဇော်ကိုနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဗိုလ်ရှိုင်း(ခ) ထက်ထက်ပိုင်လင်းနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်သိန်းထွန်းဦးနှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ မောင်နေမျိုးလွင်နှင့်အဖွဲ့တို့က ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပြိုင်ပွဲအစီအစဉ်များကို နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတို့၌ အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ယှဉ်ပြိုင်ရန် ရောက်ရှိနေကြသော ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားညီနောင်များသည် မမက "ဆို" ကိုကိုက "က" ကိုကိုက "တီး" ညီမလေးက "က" အတိုင်အဖောက်ညီစွာဖြင့် မိသားစုပျော်ပွဲရွှင်ပွဲလေးသဖွယ် တွေ့ရှိရသည်။ (သတင်းစဉ်)

ခိုင်မာသည့် ကျောက်မျက်ရတနာဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်ရေး အထောက်အကူပြု

၂၀၀၆ ခုနှစ် နှစ်လယ်ကျောက်မျက်ရတနာပြပွဲ

သတင်းဆောင်းပါး – ဇော်ဝင်း(ကြေးမုံ)၊ သတင်းဓာတ်ပုံ – သန့်ဇင်ထွန်း(ကြေးမုံ)

မြန်မာနိုင်ငံသည် သဘာဝတွင်းထွက် ကျောက်မျက်၊ ကျောက်စိမ်းတို့ ကြွယ်ဝပြီး မြန်မာ့ရတနာမြေများမှ တူးဖော်ထုတ်လုပ်ရရှိသော ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းနှင့် ပုလဲတို့မှာ နိုင်ငံတကာကျောက်မျက်ရတနာဈေးကွက်တွင် အရည်အသွေးမြင့်မားမှုကြောင့် ထင်ရှားကျော်ကြားသည်။ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကျောက်မျက်ရတနာပြပွဲကို နှစ်စဉ် ပုံမှန်ကျင်းပခဲ့ရာ နှစ်လယ်၊ ကျောက်မျက်ရတနာပြပွဲလည်း ပါဝင်သည်။



ကျောက်စိမ်း အရိုင်းတုံး

ဖားကန့်မြို့နယ် လုံးခင်းမော်စီဇာမော်မှ တူးဖော်ရရှိသည့် အလေးချိန် ၁၁၈၈ ကီလိုရှိ ကျောက်စိမ်းအရိုင်းတုံးကြီးကို တွေ့ရစဉ်။

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် နှစ်လယ် ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၁၉ ရက်မှ စတင်ပြီး ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမနှင့် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတို့တွင် ခင်းကျင်းပြသလျက်ရှိသည်။

ယခုနှစ် နှစ်လယ်ကျောက်မျက်ရတနာပြပွဲတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ပုလဲ ထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းတို့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ပြည်တွင်း တိုင်းရင်းသား ကုမ္ပဏီ၊ အဖွဲ့အစည်းများ၊ မြန်မာ့ရတနာမြေအသီးသီးတွင် သတ္တုတွင်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လုပ်ကွက်ဖော်ထုတ် တူးဖော်သည့် ရတနာလုပ်ကွက်များမှ တူးဖော်ရရှိခဲ့သည့် အရည်အသွေးမြင့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲအတွဲများကို ဈေးပြိုင်စနစ်၊ တင်ဒါစနစ်များဖြင့် အောက်တိုဘာ ၁၉ ရက်မှ ၂၉ ရက်အထိ ခင်းကျင်းပြသ ရောင်းချမည်ဖြစ်သည်။

ပုလဲအတွဲ

ပုလဲအတွဲ အမှတ် ၂၈၂၊ အလေးချိန် ၁၉၂ ဒသမ ၁၀မိုမီရှိ ရွှေရောင် ပုလဲအတွဲအား တွေ့ရစဉ်။

ကျောက်မျက်ရတနာခန်းမ ပထမထပ်တွင် ပုလဲအတွဲများ ခင်းကျင်းပြသထားပြီး ပုလဲအတွဲ ၂၉၁ တွဲ ပါဝင်သည်။ ပုလဲအတွဲ ၃၀ ကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး ၂၆၁ တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချ မည်ဖြစ်သည်။ မြန်မာ့ပုလဲသည် အလေးချိန်၊ အရွယ်အစား၊ လုံးဝန်းမှု၊ တောက်ပမှု၊ အရောင်အသွေးတို့တွင် နိုင်ငံတကာ စံချိန်စံညွှန်းများ ပြည့်မီပြီး မြန်မာ့ပုလဲထုတ်လုပ်ရောင်းချရေးလုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော ကုမ္ပဏီများမှ ထုတ်လုပ်နေသည့် ပုလဲအတွဲများကို ခင်းကျင်းပြသခြင်းဖြစ်သည်။ ပုလဲအတွဲများကို အောက်တိုဘာ ၁၉ ရက်မှ ၂၁ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြခန်း ပထမထပ်၌ ခင်းကျင်းပြသထားသော ပုလဲပြခန်း။

မြန်မာ့ကျောက်မျက်ရတနာခန်းမ၏ ဒုတိယထပ်တွင် ကျောက်မျက်များ ခင်းကျင်းပြသထားပြီး နာမည်ကျော် မြန်မာ့ပတ္တမြားနှင့် နီလာတို့ကို အဓိကပြသထားသည်။ ကျောက်မျက်အတွဲပေါင်း ၄၆၈ တွဲ ခင်းကျင်းပြသထားပြီး ၁၁၈ တွဲကို ဈေးပြိုင် စနစ်ဖြင့်လည်းကောင်း၊ အတွဲ ၃၅၀ ကို တင်ဒါစနစ်ဖြင့်လည်းကောင်း ရောင်းချမည်ဖြစ်သည်။ ကျောက်မျက်များကို အောက်တိုဘာ ၂၂ရက်တွင်မြန်မာကျောက်မျက်ရတနာခန်းမ၌ ဈေးပြိုင်စနစ်၊ တင်ဒါစနစ်တို့ဖြင့် ရောင်းချမည်ဖြစ်သည်။

ပတ္တမြားအရိုင်းတုံး

မိုးကုတ် ရတနာမြေမှ တူးဖော်ရရှိသည့် ပတ္တမြား အရိုင်းတုံး။

မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ရန်ကုန် ကွန်ဗင်းရှင်းစင်တာတွင် ကျောက်စိမ်းပြပွဲကို ခင်းကျင်းပြသထားသည်။ ကျောက်စိမ်းအတွဲ ၃၈၀၉ တွဲကို တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ၄၂၈ တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချမည်ဖြစ်သည်။ ကျောက်စိမ်းအတွဲများအား အောက်တိုဘာ ၂၃ရက်မှ ၂၉ ရက်အထိ ဈေးပြိုင်စနစ်၊ တင်ဒါစနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ၂၀၀၆ ခုနှစ် နှစ်လယ်ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ပြပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပပြီး ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများ၏ မေးမြန်းချက်များကို ပြပွဲကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ရှင်းလင်းပြောကြားခဲ့သည်။

ယခုနှစ် နှစ်လယ် ကျောက်မျက်ရတနာပြပွဲသို့ သြစတြေးယား၊ သြစတြေးလျ၊ အိန္ဒိယ၊ အီတလီ၊ ဂျပန်၊ နယူးဇီလန်၊ တရုတ်၊ စင်ကာပူ၊ ထိုင်းနှင့် အမေရိကန်တို့မှ ရတနာကုမ္ပဏီ ၄၅၀ နှင့် ရတနာကုန်သည် ၁၅၀၀ ခန့် လာရောက်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုသော် အရည်အသွေး မြင့်မားသည့် မြန်မာကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲ ရတနာများအား ခင်းကျင်းရောင်းချခြင်းဖြင့် နိုင်ငံခြားငွေတိုးတက်ရရှိကာ ခိုင်မာသည့် ကျောက်မျက်နှင့် ပုလဲဈေးကွက် မြန်မာနိုင်ငံ၌ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ပါသည်။ ။

မြန်မာကွန်ဗင်းရှင်းစင်တာ၌ ခင်းကျင်းပြသထားသော ကျောက်စိမ်း အရိုင်းကျောက်များကို ရတနာကုန်သည်များ ကြည့်ရှုစစ်ဆေးကြစဉ်။

မော်ဘီမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ စာသင်ခုံများ၊ စာရေးကိရိယာနှင့် အဝတ်အထည်များလှူဒါန်း

ရန်ကုန်   အောက်တိုဘာ   ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပညာရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းအတွက် ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းရှစ်ကျောင်းသို့ စာသင်ခုံများ၊ စာရေးကိရိယာနှင့် အဝတ်အထည်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ဘန့်ဘွေးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာဌာနကြီးဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ၊ ရန်ကုန်တိုင်း၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလွင်အောင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ အလှူရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပညာရေးအထောက်အကူပြုလုပ်ငန်းအတွက် စာသင်ကျောင်းများသို့ စာသင်ခုံနှင့် အထောက်အကူပြုပစ္စည်းများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က လှူဒါန်းသည့်စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံများ ပေးအပ်လှူဒါန်းရာ ဇျူးကျင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ စာသင်ခုံ ၃၃ စုံ၊ ဝါးပတောကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ စာသင်ခုံ ရှစ်စုံ ၊ တလုပ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ စာသင်ခုံ ၁၂ စုံ၊ ဘန့်ဘွေးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ စာသင်ခုံ ၁၀ စုံ၊ ဂမူးကျေးရွာအခြေခံပညာမူလတန်းကျောင်းသို့ စာသင်ခုံ ၁၂ စုံ၊ ကျောက်ကာကွင်း ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ စာသင်ခုံ ၁၀ စုံ၊ မိုးကြိုးပစ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ စာသင်ခုံ ကိုးစုံနှင့် ကျီးပင်ဆိပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ စာသင်ခုံ ခြောက်စုံတို့ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံကြသည်။

ထို့နောက် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ် ပုလဲကျန်းမာရေးမိသားစုက လှူဒါန်းသည့် ငွေကျပ် ၈၂၀၈၅၀ တန်ဖိုးရှိ အဝတ်အထည်အစုံတစ်ထောင်ကို အလှူရှင်မိသားစုများနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့က ကျေးရွာများမှ အခြေခံပညာမူလတန်းကျောင်းများသို့ ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံကြသည်။

ထို့နောက် မော်ဘီမြို့နယ် ပညာရေးမှူးဦးမြသိန်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယကဒေါ်မာမာဝေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် အဖွဲ့ဝင်များသည် မော်ဘီမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး အဆိုပါကျောင်းရှိ ပညာရတနာခန်းမ၌ အမျိုးသမီးရေးရာအဖွဲ့ဝင် ကျောင်းသူများနှင့်တွေ့ဆုံ၍ မိသားစုသဖွယ် ရင်းနှီးစွာ စကားဝိုင်းများဖွဲ့ကာ အမျိုးသမီးရေးရာကိစ္စရပ်များနှင့်ပတ်သက်ပြီး အသိပညာပေး ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ မော်ဘီမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသည့် ငွေကျပ် သုံးသိန်းတန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးကလည်းကောင်း၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ(အငြိမ်းစား)-ဒေါ်သိန်းဆိုင် တို့ကို အမှူးထား၍ မြတ်လေးရုံမိသားစုက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ စာရေးကိရိယာများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းဆရာမကြီး ဒေါ်မြင့်မြင့်မိုးက လက်ခံသည်။

ယင်းနောက် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌထံ မော်ဘီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာမများနှင့် ကျောင်းသူများ၏ သက်ကြီးအမျိုးသမီးရေးရာအဖွဲ့ဝင်အဆိုပြုလွှာ ၅၆၃ စောင်နှင့် သက်ငယ်အမျိုးသမီးရေးရာအဖွဲ့ဝင်အဆိုပြုလွှာ ၁၉၈၀ တို့ကို ကျောင်းသူနှစ်ဦးက ပေးအပ်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖြူးကုန်းတောရ စာသင်တိုက် ဘုံကထိန်ကပ်လှူပွဲ

ရန်ကုန်   အောက်တိုဘာ   ၂၀

ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် ဖြူးကုန်းတောရစာသင်တိုက်၌ သံဃာတော် ၁၂၅ ပါးတို့အား ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် သင်္ကန်းဒွိစုံတစ်စုံလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ကိုယ်တိုင်ဆက်ကပ်နိုင်ရန် ဝေယျာဝစ္စအဖွဲ့က စီစဉ်ပေးထားကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး မော်ဘီမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ အမျိုးသမီးရေးရာအဖွဲ့ဝင် ကျောင်းသူများနှင့် စကားဝိုင်းဖွဲ့၍ အမျိုးသမီးရေးရာကိစ္စရပ်များကို အသိပညာပေး ဆွေးနွေးစဉ်။ (မြို့တော်စည်ပင်)

သားကောင်းမိခင်ဇာတ်လမ်း မြဝတီရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော်   အောက်တိုဘာ   ၂၀

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရိုက်ကူးထုတ်လွှင့်ခဲ့ပြီးဖြစ်သော သားကောင်းမိခင်ရုပ်မြင်သံကြားဇာတ်လမ်းကို အပိုင်းလေးပိုင်းခွဲ၍ မြဝတီရုပ်မြင်သံကြားမှ အောက်တိုဘာ ၂၃ ရက်၊ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ညနေ ၆ နာရီ သတင်းအစီအစဉ် ထုတ်လွှင့်မှုအပြီး၌ ပြန်လည်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

အဆိုပါ သားကောင်းမိခင်ဇာတ်လမ်းကို ဒါရိုက်တာ အကယ်ဒမီပန်းချီ စိုးမိုး၊ ဇာတ်ညွှန်းနှင့် တွဲဖက်ဒါရိုက်တာ ထပ်ဆင့်အကယ်ဒမီငြိမ်းမင်းတို့က ရိုက်ကူး၍ အကယ်ဒမီလွင်မိုး၊ အကယ်ဒမီဇင်ဝိုင်း၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း၊ အကယ်ဒမီစိုးမြတ်သူဇာ၊ အကယ်ဒမီမေသဥ္ဇာဦး၊ အကယ်ဒမီပန်းဖြူ၊ သက်မွန်မြင့်၊ ပုလဲဝင်းနှင့် ကလေးသရုပ်ဆောင် ဟဲဗီးဖြိုးတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၀-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၁၅** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၂၅** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၄၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၀** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ **ဆရာတော်ဦးဃောသိတတရားတော် -သမာဒိဋ္ဌိငါးမျိုး**
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၃၀** ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **"ရင်ခွင်နန်းတော်" (ဒွေး၊ ထွန်းအိန္ဒြာဗိုလ်၊ နန္ဒာလှိုင်)**
- **၁:၅၀** ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၁:၅၅** ၇။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၈။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၅** ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၄:၃၅** ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- **၅:၃၅** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၇။ နိုင်ငံတကာသတင်း
- **၆:၂၀** ၈။ မိုးလေဝသသတင်း
- **၆:၂၅** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၀။ အံ့သြဖွယ်ရာဆက်ကပ်ပညာ
- **၆:၄၀** ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း " မေတ္တာသည်သာ" (အပိုင်း-၆၇)**
- **၈:၀၀** ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၆။ **°English Premier League ဘောလုံးပွဲ – Aston Villa Vs Fulham (Live)**
- ၁၇။ သင့်အတွက်မနက်ဖြန်
- ၁၈။ အပိတ်နှုတ်ဆက်စကား
- ၁၉။ ပြီးပါပြီ။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများသည် တိုင်းရင်းသားချင်း စည်းလုံးညီညွတ်စွာ ဖြေရှင်းနိုင် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်နိုင်စေလောက်သောအကြောင်းလုံးဝမရှိ

နေပြည်တော်   အောက်တိုဘာ   ၂၀

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် MTA တပ်ဖွဲ့ဝင်ဟောင်း မိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(ရွှေပြည်အေး)က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၄ ရက် နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

MTA တပ်ဖွဲ့ဝင်ဟောင်းမိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(ရွှေပြည်အေး)၏

သဘောထားထုတ်ပြန်ချက်

ရက်စွဲ၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်

၁။ အမေရိကန်နိုင်ငံအစိုးရ ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြတောင်းဆိုမှုကြောင့် ၂၀၀၆ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် မြန်မာနိုင်ငံအခြေအနေအား ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လာနိုင်သည်ဟူသည့် စွပ်စွဲချက်ဖြင့် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း ကြားသိခဲ့ရပါသည်။

၂။ ဤဆုံးဖြတ်ချက်သည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကို အသုံးချပြီး အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်ခြယ်လှယ် စွက်ဖက်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း ထင်ရှားပါသည်။

၃။ ယနေ့မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများသည် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဖြေရှင်းနိုင်သည့် ကိစ္စရပ်များသာဖြစ်သည်ဟု မိမိတို့အဖွဲ့အစည်းအနေဖြင့် ခံယူပါသည်။ နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်လာနိုင်စေလောက်သော အကြောင်းလုံးဝမရှိပါ။ မြန်မာနိုင်ငံတစ်နိုင်ငံတည်းကိုသာ ကွက်၍ ပြစ်တင်ဝေဖန်နေခြင်းသည် တရားမျှတခြင်းမရှိပါဟု မိမိတို့အဖွဲ့အစည်းအနေဖြင့် ခံယူသည်။

၄။ မိမိတို့၏ပြည်တွင်းရေးကို မိမိတို့ပြည်သူများသာ ငြိမ်းချမ်းစွာဖြင့် လက်တွဲပူးပေါင်း ဖြေရှင်းဆောင်ရွက်လျက်ရှိရာ လက်တွေ့အောင်မြင်မှုများလည်းရရှိနေပြီဟု မိမိတို့အဖွဲ့အစည်းအနေဖြင့် ယုံကြည်သည်။ ယခုအချိန်တွင်လည်း နိုင်ငံတော်အစိုးရသည် လမ်းစဉ်(၇)ရပ်ကိုချမှတ်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ထွန်းရေးအတွက် လူတန်းစားအလွှာအသီးသီးနှင့် အဖွဲ့အစည်းအသီးသီးတို့မှ ကိုယ်စားလှယ်များပါဝင်သော အမျိုးသားညီလာခံသည် အတော်အသင့်ခရီးရောက်နေပြီ ဖြစ်ပါသည်။

၅။ မိမိတို့အဖွဲ့အစည်းအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက် ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ ဒီမိုကရေစီစနစ်ကို ငြိမ်းချမ်းစွာဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဖော်ဆောင်သွားခြင်းကိုသာ လိုလားပါသည်။

၆။ ထို့ကြောင့် ပြည်ပမှဖြစ်သော အမေရိကန်အစိုးရအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လာမှုအား လက်မခံကြောင်းနှင့် မြန်မာနိုင်ငံ၏ အခြေအနေသည် ဒေသတွင်းနှင့် နိုင်ငံတကာ၏ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်လာနိုင်စရာအကြောင်းမရှိကြောင်း မိမိတို့ MTA တပ်ဖွဲ့ဝင်ဟောင်းမိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(ရွှေပြည်အေး)က သဘောထားထုတ်ပြန်ပါသည်။

ဦးစိုင်းခွန်မိန်း
ဥက္ကဋ္ဌ
ဗဟိုအလုပ်အမှုဆောင်အဖွဲ့
MTA တပ်ဖွဲ့ဝင်ဟောင်းမိသားစုများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(ရွှေပြည်အေး)

NAING Group Construction Co.,Ltd.
We Always Make The Best Quality.
" NAING Group ၏ သီတင်းကျွတ်အထူးဈေးရောင်းပွဲတော် "
Design
Structure
20% Special Discount Programme

Room Area - (25' x 60')
Pile Foundation
Elevator (Lift) (New)
Security Control System
Own Meter, Own Motor

Room Area - (23' x 58')
Pile Foundation
Elevator (Lift) (New)
Security Control System
Own Meter, Own Motor

Elevator (Lift) (New)
Security Control System
Own Meter, Own Motor
Room A-D - 1512sq.ft
Room C-F - 1624sq.ft
Room B - 1638sq.ft
Room E - 1589sq.ft

Room Area - (20' x 75')
Pile Foundation
Elevator (Lift) (New)
Security Control System
Own Meter, Own Motor
Basement Car Parking

Room Area - (16' x 100')
Own Meter
Own Motor
Steel Tank
Decoration

Hall Type
Room Area - (16' x 55')
Security Control System
Own Meter, Own Motor
Under Ground Tank
Over Head Tank
Transfomer

Hall Type
Room Area - (17' x 50')
Own Meter, Own Motor
Transfomer

Hall Type
Room Area - (17' x 50')
Own Meter, Own Motor

Hall Type
Room Area - (17' x 70')
Pile Foundation
Meter, Own Motor

Master Bed
Living Room နှင့် Passage way
Granite
Air con
TVStand
Show Case နှင့် Living Room

NAING Group Home Decoration Centre မှလည်း P.A.E
5%Discount
(20%) Special Discount

Head Office
No. (117-127), 33rd Street (middle), Kyauktada Tsp. Yangon.
Ph: 09-51-12139, 09-99-27389, 95-1-248883,
375491, 381787, 383658.
Show Room -

B.Sc (Physics)
B.Sc (Maths)

PRIN CHAN S.M.H
International Education & Language Centre
I.E.L.T.S, T.O.E.F.L, S.A.T
Basic, Pre-Inter နှင့် Intermediate
Further Study Preparation
Home Class
ဖုန်း - 392701, 095105529.

သစ္စာ
တိုက်ရွာ မဂ္ဂဇင်း

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်

နေပြည်တော် အောက်တိုဘာ ၂၀

နိုင်ငံပိုင်စက်ရုံ နှစ်ရုံ၊ ဆန်စက် သုံးစက်နှင့် ဖွဲနုဆီစက် တစ်စက်တို့ကို ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ် ရောင်းချမည်ဖြစ်သည်။ ထိုသို့ရောင်းချရာတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ကော့သောင်းအအေးခန်းနှင့် ရေခဲစက်ရုံ ကော့သောင်းမြို့ မြေဧရိယာ ၆ ဒသမ ၂၅ ဧကကို ကြမ်းခင်းဈေး ကျပ်သန်း ၄၃ ဒသမ ၆၃ ဖြင့်လည်းကောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ရန်ကင်းအပ်ချည်စက်ရုံ အမှတ်(၂၈)၊ အမှတ်(၁၁၆၂)၊ ဘူတာရုံလမ်း၊ (၁၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ မြေဧရိယာ ၂ ဒသမ ၂၀၉ ဧကကို ကြမ်းခင်းဈေးကျပ်သန်း ၇၁၂ ဒသမ ၅၂၉ ဖြင့်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လပွတ္တာမြို့နယ် အမတ်ကျေးရွာရှိ ဆန်စက် အမှတ် (၅၅၅) (တန် ၄၀ကျ) မြေဧရိယာ ၃၉ ဒသမ ၆၈ ဧကကို ကြမ်းခင်းဈေး ကျပ်သန်း ၁၂၃ ဒသမ ၃၄ ဖြင့်လည်းကောင်း၊ အိမ်မဲမြို့နယ် တူးမြောင်းဝကျေးရွာရှိ ဆန်စက်အမှတ်(၅၅၄) (တန် ၄၀ ကျ) မြေဧရိယာ ၆ ဒသမ ၂၃ ဧကကို ကြမ်းခင်းဈေးကျပ်သန်း ၁၀၀ဒသမ ၄၄ဖြင့်လည်းကောင်း၊ လပွတ္တာမြို့နယ် အလယ်ရေကျော်ကျေးရွာရှိ ဆန်စက် အမှတ်(၆၇၃) (တန် ၁၀၀ ကျ) မြေဧရိယာ ၂၇ဒသမ ၄၉ ဧကကို ကြမ်းခင်းဈေး ကျပ်သန်း ၃၂၈ ဒသမ ၃၁ ဖြင့်လည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့ အမှတ်(၉)မြို့မရပ်ကွက်ရှိ အမှတ်(၁၆) ဖွဲနုဆီစက် (၁၅ တန်ကျ) မြေဧရိယာ ၄ ဒသမ ၇၅၈ ဧကကို ကြမ်းခင်းဈေး ကျပ်သန်း ၂၀၈ဒသမ ၀၅ ဖြင့်လည်းကောင်း ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ် ရောင်းချမည်ဖြစ်သည်။

ဝယ်ယူလိုသူ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို အောက်တိုဘာ ၃၀ ရက်မှစ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန ရုံးအမှတ် (၃၂)၊ နေပြည်တော်၌ ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို နိုဝင်ဘာ ၃၀ ရက်တွင်သာ တစ်ရက်တည်း နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း တင်သွင်းရမည်ဖြစ်သည်။

အပြီးအပြတ်ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံးဈေးနှုန်းပေးသူနှင့် တူညီစွာပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်ဖြစ်သည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထား တင်ပြရမည်ဖြစ်ပြီး မူလပိုင်ရှင်မဟုတ်ပါက အများဆုံးပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်းစုံစမ်းနိုင်

လျှောက်ထားသူများသည် သတ်မှတ်ထားသောပုံစံ၌ ဖြည့်စွက်လျှောက်ထားရန်ဖြစ်သည်။ အသေးစိတ် အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန ရုံးအမှတ် (၃၂)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ် - ၀၆၇၀၆၉ နှင့် ၀၆၇၃၄၀တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (က-ဂ) ရပ်ကွက်၊ ၁၅၇ လမ်းနေ မိခင် ဒေါ်ကြည်ကြည်သန်းအား အမှူးထား၍ သမီး မချိုလွင်ဦး မွေးနေ့အလှူအဖြစ် ငွေကျပ် ၁၀၀၀၀၀ ကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်စက်မှုတက္ကသိုလ်လျှပ်စစ်စွမ်းအား ကျောင်းသားဟောင်းများအာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၉၄)ခုနှစ်တွင် လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘွဲ့ရရှိခဲ့ကြသော ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့)နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ မီကာဆာဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြပါရန် အာစရိယပူဇော်ပွဲကော်မတီက နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

သံဃမဟာပဝါရဏာပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ မင်္ဂလာတောင်တော်ဦးရှိ မင်းကွန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ သက်တော်ရှည် သုခမာရ်အောင်ကျောင်း ဆရာတော် ဘဒ္ဒန္တကေသရ အမှူးပြု၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ပုရိမဝါကပ်တော်မူကြသော သံဃာတော်အပါး ၃၅၀ ကျော်တို့၏ ပဌမအကြိမ်မြောက် သံဃမဟာပဝါရဏာပွဲကို အောက်တိုဘာ ၆ ရက် (သီတင်းကျွတ်လပြည့်နေ့) တွင် ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ တပည့်ဒါယကာ ဒါယိကာမများက လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြောင်းသိရသည်။ (က-ပ)

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစည်းအဝေးများ ဆက်လက်ကျင်းပ အစုအဖွဲ့အလိုက် သဘောထားတင်ပြချက်စာတမ်းများ ဖတ်ကြားတင်ပြအတည်ပြု

ရန်ကုန် အောက်တိုဘာ ၂၀

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းနှင့် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်မောင်(ခေါ်) ဦးမန်းမျိုးညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိန်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိရှိန်တို့က ဆောင်ရွက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳

ရုပ်သေးသဒ္ဒါသုမန ဇာတ်တော်ကြီး အခမဲ့ကြည့်ရှုနိုင်

နေပြည်တော် အောက်တိုဘာ ၂၀

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ရုပ်သေး **"သဒ္ဒါသုမန ဇာတ်တော်ကြီး"**ကို ရေဆင်း တက္ကသိုလ်ဝင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ဆက်လက်ယှဉ်ပြိုင်ကြရာ မည်သူမဆို အခမဲ့ ကြည့်ရှုနိုင်ကြောင်းနှင့် အောက်တိုဘာ ၂၁ ရက်တွင် စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာသီရိ ရုပ်စုံသဘင်အဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒိုးပတ် အတီးပြိုင်ပွဲ

အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ် (အမျိုးသား) ဒိုးပတ်အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်အောင်ခိုင်ဟိန်းအဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြစဉ်။

(သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆဋ္ဌမနေ့ ပြိုင်ပွဲအစီအစဉ်များကို နေပြည်တော်၌ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲနေသည့် (Globalization)ကာလဖြစ်သည့် ယနေ့အချိန်အခါတွင် ခေနအင်အားသာလွန်မှု၊ နည်းပညာအသာစီးရမှု၊ ကမ္ဘာ့မီဒီယာများကို လွှမ်းမိုးထားနိုင်မှုတို့အပေါ် တလွဲအသုံးချပြီး နိုင်ငံကြီးအချို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ၎င်းတို့၏ အတွေးအခေါ်၊ ဓလေ့စရိုက်၊ လူနေမှုစနစ်ပုံစံတို့ကို ရိုက်သွင်း၍ ၎င်းတို့၏ ဩဇာအာဏာအောက်ကို နိုင်ငံရေးအရ၊ ယဉ်ကျေးမှုအရ ကျုံးသွင်းသိမ်းယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံသူ၊ နိုင်ငံသားတိုင်း အမျိုးသားရေးစိတ်ဓာတ်များနှင့် ဇာတိမာန်များ အစဉ်နိုးကြားနေစေရန် ကျင်းပလျက်ရှိသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်များကို ဆဋ္ဌမနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းရှိ သတ်မှတ်နေရာအသီးသီးတို့၌ ဆက်လက်ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် မဟာဂီတ အဆိုပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌လည်းကောင်း၊ ကာလပေါ်တေး အဆိုပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌လည်းကောင်း၊ အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌လည်းကောင်း၊ ဒိုးပတ်အတီးပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❁

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲတွင် တနင်္သာရီတိုင်းမှ ဦးပြည့်ဖြိုးလင်း ပါဝင်ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

၂၀၀၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ခင်းကျင်း ပြသထားသော ကျောက်စိမ်း အတွဲများကို ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ ကြည့်ရှု လေ့လာကြစဉ်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် ၂၈၃၅ ဦး ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၀

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံပေါင်း ၁၂ နိုင်ငံ၊ ကုမ္ပဏီပေါင်း ၄၄၀ မှ ရတနာကုန်သည် ၁၇၀၂ ဦးနှင့် ပြည်တွင်းကုမ္ပဏီပေါင်း ၄၄၂ ခုမှ နိုင်ငံသားရတနာကုန်သည် ၁၁၃၃ ဦး စုစုပေါင်း ရတနာကုန်သည် ၂၈၃၅ ဦး ရောက်ရှိနေကြသည်။

အဆိုပါ ရတနာကုန်သည်များသည် ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော ပုလဲအတွဲများနှင့် ကျောက်မျက်အတွဲများကို ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ပြပွဲခန်းမ၌လည်းကောင်း၊ ကျောက်စိမ်းအတွဲများကို မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌လည်းကောင်း စိတ်ဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။ ပြပွဲသို့ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် အောက်တိုဘာ ၂၁ ရက်တွင် ထပ်မံရောက်ရှိလာကြမည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ●